မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၀၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ရိုးမဖြတ်ကျော်လမ်း တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ် ဖွင့်ပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ဖောက်လုပ်ပြီးစီးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် အရှည် ၄၂မိုင် ၇ဖာလုံရှိ ရိုးမဖြတ်ကျော်လမ်း ခုနစ်လမ်းအနက် ပထမလမ်းဖြစ်သော တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်း မိုင်တိုင်အမှတ် (၀/၂)ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ မင်္ဂလာစည်တော်အကအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က လမ်းသစ်ဖောက်လုပ်ပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ဝန်ကြီးနှင့် တာဝန်ရှိသူတို့က တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီရက်သတ္တပတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီရက်သတ္တပတ်ပွဲတော်(The 9th Myanmar ICT Week) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရတနာပုံနည်းပညာမြို့သစ်ရှိ ရတနာပုံဆိုင်ဘာခန်းမ(Yatanarpon Cyber Hall)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

စာမျက်နှာ ၉ ကော်လံ ၁ ◆

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဝန်ကြီးများ နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော် ဖွင့်ပွဲအခမ်းအနား၌ ရတနာပုံဆိုင်ဘာခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက်)

ခေတ်မီနည်းစနစ်များဖြင့် ရေချို၊ ရေငန် ငါးမွေးမြူရေး တိုးချဲ့ဆောင်ရွက်

ကမ္ဘာပေါ်တွင် တစ်နေ့တခြား လူဦးရေတိုးတက်များပြားလာသည့်အလျောက် လူတို့နေ့စဉ် စားသုံးရန်အတွက် စားနပ်ရိက္ခာသည်လည်း လိုအပ်လျက်ရှိသည်။ စားနပ်ရိက္ခာ ပြည့်စုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့ကို နိုင်ငံတိုင်းက တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ရေမြေသယံဇာတ ပေါများသည့်အလျောက် စိုက်ပျိုးရေးလုပ်ငန်းများ၊ ရေချို ရေငန်ငါးမွေးမြူရေးလုပ်ငန်းများ၊ ပင်လယ်ငါးဖမ်းလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။

ရေမြေသဘာဝအရ ငါးမွေးမြူရေးကန်များကို တိုးချဲ့လုပ်ကိုင်လာခဲ့ရာ ပြည်တွင်းစားသုံးမှု ဖူလုံ ပိုလျှံသည့်အတွက် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် သဘာဝအလျောက် ငါးများ ဖမ်းယူနိုင်သည့် မြစ်ချောင်းများပေါများသဖြင့် ရေထွက်ကုန်ပစ္စည်းများ ပြည့်စုံကြွယ်ဝလျက်ရှိသည်။ ထို့အပြင် ပင်လယ်ကမ်းရိုးတန်းကြီးများကိုလည်း ပိုင်ဆိုင်ထားသဖြင့် ပင်လယ်ငါးဖမ်းလုပ်ငန်းများကို စီးပွားဖြစ် လုပ်ကိုင်လျက်ရှိကြသည်။

ပင်လယ်ငါးဖမ်းလုပ်ငန်းများတွင် ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများကို ပုဂ္ဂလိက တိုင်းရင်းသား လုပ်ငန်းရှင်များကိုပါ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများနှင့်အညီ ခွင့်ပြုလုပ်ကိုင်ခွင့်ပေးလျက်ရှိသည်။ ငါးမွေးမြူရေးကန်များကို တိုးချဲ့ဆောင်ရွက်ခဲ့ရာတွင် ၁၉၈၈ခုနှစ်က ငါးမွေးကန်ပေါင်း ဧက ၆၃၀၀၀သာ ရှိခဲ့သော်လည်း ယခုအခါ ငါးမွေးကန်ဧက စုစုပေါင်းနှစ်သိန်းကျော်အထိ တိုးချဲ့မွေးမြူထုတ်လုပ်နိုင်ခဲ့သည်။

ငါးမွေးမြူရေးကန်များကို တိုးချဲ့လုပ်ကိုင်နိုင်သည်နှင့်အမျှ ဒေသခံပြည်သူများသည်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပွင့်လန်းလာခဲ့သည်။ ဒေသခံပြည်သူများ၏ စားဝတ်နေရေးများအတွက် များစွာအထောက်အကူ ဖြစ်စေခဲ့သည်။

ခေတ်မီငါးမွေးမြူရေး နည်းစနစ်များကို အသုံးပြုလာခြင်းကြောင့် ငါးမျိုးကောင်းမျိုးသန့်များ ရရှိခဲ့သည်။ ငါးမျိုးကောင်းမျိုးသန့် သားဖောက်ခြင်းများကိုလည်း ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်လာခဲ့ကြသည်။ ငါးမွေးမြူရာတွင် ငါးမြစ်ချင်းငါးကို အများဆုံးမွေးမြူကြပြီး ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသည်။ မြန်မာ့ပင်လယ်ပြင်မှ ဖမ်းယူရရှိသော ငါး၊ ပုစွန်တို့သည်လည်း ပြည်ပဈေးကွက်ဝင် ရေထွက်ပစ္စည်းများ ဖြစ်ကြသည်။

မြန်မာ့ရေထွက်ကုန်ပစ္စည်းများသည် ပြည်တွင်း၌စားသုံးမှုအပြင် ပြည်ပသို့ပါတင်ပို့နိုင်ခဲ့ခြင်းကြောင့် နိုင်ငံခြားငွေများ တိုးတက်ရရှိနေခဲ့ပြီဖြစ်ရာ ခေတ်မီနည်းစနစ်များဖြင့် ငါးမွေးမြူရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်သွားပါက ပိုမိုတိုးတက် အောင်မြင်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စံပြ-ကုန်းကလေး ကျေးရွာချင်းဆက် ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲမင်းကျော်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဦးတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၈

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်သည် ဂုဏ်ပြုစစ်ရေးပြတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး နိုင်ငံတော်အလံအား အလေးပြုကာ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြု၍ သစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုကြသည်။

ဖတ်ကြား

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ သဝဏ်လွှာကို တိုင်းမှူးက ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြပြီးနောက် ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလိမ္မာစာမှာရှိ

စာရင်းသွင်းနိုင်

အမျိုးသမီး တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက်မှ ၉ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဖေဖော်ဝါရီ ၁ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(စစ်တုရင်အဖွဲ့ချုပ်)

အမျိုးသား အမျိုးသမီး တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသည့် ၂၀၁၁ခုနှစ် အမျိုးသားတံခွန်စိုက်နှင့် အမျိုးသမီး တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲကို မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲများမှ ၂၀၁၁ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်များ ရွေးချယ်မည် ဖြစ်သည်။

ကျင်းပမည်

အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၉ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိသည့် အားကစားသမားများသည် ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်၌ ကျင်းပမည့် အားကစားသမားများ အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည့် အားကစားသမားများမှာ မျိုးနိုင်၊ ဝင်းဇော်ထွန်း၊ ဇော်ဝင်းလေး၊ အောင်မျိုးလှိုင်၊ ဇော်ဦး၊ ညီညီလွင်၊ မြင့်ဟန်၊ သန်းထိုက်စိုး၊ ကျော်လင်းနိုင်၊ မင်းထူး၊ မောင်မောင်လတ်၊ စည်သူ၊ ဝင်းဇော်၊ အေးလွင်၊ အောင်နိုင်၊ သစ်ဆန်းတို့ ဖြစ်ကြောင်း သိရှိရသည်။

ဖူဆယ်ဘောလုံးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇန်နဝါရီ ၁ရက် နံနက် ၁၁နာရီက မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇေယျာအုန်း အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ဆုချီးမြှင့်

အခမ်းအနားသို့ မြို့နယ်အတွင်းရေးမှူး ဦးစိုးလှိုင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမျိုးမြင့်ကြိုင်၊ ရပ်ကွက် ၂၀မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်း ၃၂သင်းမှ နည်းပြအုပ်ချုပ်သူများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဆုရရှိသူများအား ဇန်နဝါရီ ၄ ရက်တွင် တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြောင်းသိရသည်။ (၁၂၃)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၄ ရက်ကကျင်းပသော ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၆/ အနောက်ရပ်ကွက် ဝေဇယန္တာ ၁၃ လမ်းအနောက် မိသားစုများ၏ ပျော်ပွဲရွှင်ပွဲနှင့် လမ်းပြီးမြောက်မှုအောင်ပွဲ အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမင်း၊ မြို့နယ်သာသနာရေးမှူး ဦးထွန်းခင်နှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၁၆)

စဉ့်ကိုင်မြို့နယ်၌ မိုးစပါးရိတ်သိမ်းခြွေလှေ့နေမှု တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၈

စဉ့်ကိုင်မြို့နယ် မိုးစပါးရိတ်သိမ်းခြွေလှေ့ပွဲကို ဇန်နဝါရီ ၃ရက် နံနက်ပိုင်းက စဉ့်ကိုင်မြို့နယ် အုန်းပင်ခြံကျေးရွာ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ယာယီရှင်းလင်းဆောင်၌ တိုင်းမှူးအား တာဝန်ရှိသူတို့က မိုးစပါးစိုက်ပျိုးမှု၊ ရိတ်သိမ်းပြီးစီးမှုနှင့် အထွက်နှုန်းများကို ရှင်းလင်းတင်ပြကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူးသည် စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံ တောင်သူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။ ယင်းနောက် ခင်းကျင်းပြသထားသော စပါး ရိတ်သိမ်းခြွေလှေ့စက်၊ ကောက်ရိတ်စက်နှင့် လက်တွန်းထွန်စက်များကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်တွေမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်း

စစ်တွေ ဇန်နဝါရီ ၈

စစ်တွေမြို့ ဘုမေကျေးရွာအုပ်စု ဘုမေကျေးရွာ ကွင်းအမှတ်(၅၅၇/ခ)၊ ဦးပိုင်အမှတ် ၂၀၉/က တောင်သူ ဦးရွှေမောင်၏လယ်မြေ၌ ဒီဇင်ဘာ ၂၀ရက်က မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပရာ ပြည်နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ ဖြစ်ကြသော ဦးသန်းထွန်း(ဆည်မြောင်း)၊ ဦးခင်မောင်ဝင်း(စိုက်ပျိုးရေး)၊ ဦးထင်ဝင်း (မြေစာရင်း)၊ ဦးသန်းထွန်း(စက်မှုလယ်ယာ)နှင့် ဦးခင်မောင်မိုး(စိုက်ဘဏ်) တို့ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ပြီး **(အပေါ်ပုံ)** အဆိုပါစံကွက်မှ မော်ဘီ(၂) စပါးမျိုး တစ်ဧက ၉၂တင်းနှုန်းထွက်ရှိကြောင်း သိရှိရသည်။

(မြို့နယ်မြေစာရင်း)

မော်ကမယ်မြို့၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

မော်ကမယ် ဇန်နဝါရီ ၈

လင်းခေးခရိုင် မော်ကမယ်မြို့နယ် စဥ့်ဝင်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ စာပန်းခင်း စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူး၊ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းဝင်းအောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းဘောဂ တို့က ဖဲကြိုးဖြတ်၍ စာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့ကြသည်။**(အပေါ်ပုံ)**

ဆက်လက်ပြီး စာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌဦးထွန်းဝင်းအောင်၊ ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူး၊ ဒုတိယရဲမှူး အောင်ကျော်စိုး၊ ဌာနဆိုင်ရာများကိုယ်စား မြို့နယ်အတွင်းရေးမှူး ဦးဝင်းဗိုလ်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်နန်းသန္တာဦးတို့က စာအုပ်စာစောင်မျိုးစုံကို ကျေးရွာစာကြည့်တိုက်ကော်မတီသို့ လှူဒါန်းပေးခဲ့သည်။

အဆိုပါစာကြည့်တိုက်မှာ အလျား ၂၄ပေ၊ အနံ ၁၄ပေ၊ အမြင့် ၁၀ပေ၊ သွပ်မိုး၊ အုတ်ကာနှင့် အင်္ဂတေခင်းဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို ကျောက်တန်းမြို့နယ် ဥက္ကဋ္ဌ ဦးကျော်ဇေယျ ဖတ်ကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၈

မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အသက်(၇၀)ပြည့်နှင့်အထက် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၂ရက် နံနက် ၉နာရီက အမှတ် ၇ ဦးအောင်မြတ်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၌ကျင်းပရာ သဘာပတိအဖြစ် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးရဲဇော်(ကိုရဲဇော်)က ဆောင်ရွက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုကော်မတီဝင် ဦးသန်းလှိုင်(တက္ကသိုလ်သခ်)က အမှာစကားပြောကြားပြီး အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမင်းလွင်(မောင်လှထွန်း)က နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် အမျိုးသားစာပေဆုရ ဆရာ ဒေါက်တာဒဂုန်၊ စာပေဗိမာန်စာမူဆုရ ဆရာလူလေး(မြစ်ဝကျွန်းပေါ်)၊ မင်္ဂလဓမ္မဇောတိကဇေဘွဲ့ရ ဆရာ တက္ကသိုလ်စိုးယဉ်တို့အား ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်ပြီး သက်ကြီးစာပေပညာရှင် ၂၆ဦးတို့အား ပူဇော်ကန်တော့ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

Falcon အင်ဂျင်ဝိုင် ပထမအကြိမ်ကံစမ်းမဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၈

Falcon အင်ဂျင်ဝိုင်၏ Mega Sales Promotion ပထမအကြိမ် ကံစမ်းမဲဖွင့်ပွဲကို နိုဝင်ဘာ ၃၀ရက်က ကုမ္ပဏီရုံးခန်း၌ ကျင်းပရာ 1 Liter Super 2000 ဝယ်ယူသူများမှ ကံထူးရှင် ၁၅၀၊ 4 Liter/5 Liter ဝယ်ယူသူများမှ ကံထူးရှင် ၁၀၀ နှင့် 25 Liter ဝယ်ယူသူများမှ ကံထူးရှင် ၅၀ စုစုပေါင်း ကံထူးရှင် ၃၀၀ တို့အား ရွေးချယ်ပေးခဲ့ပြီး ဆုအဖြစ် နီကွန်ဒစ်ဂျစ်တယ်ကင်မရာ L21 တစ်လုံးစီ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ကံစမ်းမဲဖွင့်ပေးမည်

နိုဝင်ဘာလအထိ ကံထူးရှင်စာရင်းကို ဒီဇင်ဘာလ ပထမပတ်ထုတ် မြန်မာတိုင်း(မ်)ဂျာနယ်နှင့် ၂၀၁၀ခုနှစ် ဒီဇင်ဘာ ၂ရက်ထုတ် မန္တလေးရတနာပုံ သတင်းစာတွင် ထုတ်ပြန်ကြေညာပေးခဲ့ပြီး နီးစပ်ရာ အရောင်း ကိုယ်စားလှယ်ဆိုင်များမှလည်း စုံစမ်းနိုင်ကြောင်းနှင့် ဆက်လက်၍ ဒုတိယအကြိမ် ကံစမ်းမဲများကို ၂၀၁၁ခုနှစ် ဇန်နဝါရီလကုန်တွင် ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဆုမဲအဖြစ် ပန်နာဆိုးနစ် ၃၂ လက်မ LCD တီဗွီ အလုံး ၃၀နှင့် ပန်နာဆိုးနစ် အိမ်တွင်းရုပ်ရှင်အသံစနစ်အလုံး ၁၂၀ ကံစမ်းမဲဖွင့်ပေးမည် ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

နိုဝင်ဘာလ ကံစမ်းပွဲမှ ကံထူးရှင်များ ဆုထုတ်ယူနိုင်ရန်အတွက် Reward ကတ်ပြားတွင် ဖော်ပြထားသော အထောက်အထားမှုရင်းအပြည့်အစုံနှင့် ဟန်ရတနာတင်ကုမ္ပဏီရုံးချုပ် ဖုန်း-၂၂၆၃၀၀ နှင့် ၂၂၆၂၅၈၊ အမှတ် (၁၃) ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့သို့ အမြန်ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန် မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ ပန်းခြံများ၌ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ဇန်နဝါရီ ၄ရက်က ကျင်းပရာ အပြေးပြိုင်ပွဲတွင် ဆုရ ကလေးတစ်ဦးအား ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းနိုင်က ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

တုံကင်ရေတွင်း တူးဖော်ထားမှု ကွင်းဆင်းစစ်ဆေး

တောင်ငူ ဇန်နဝါရီ ၈

တောင်ငူမြို့နယ် ရွာသစ်ကျေးရွာ၌ တူးဖော်ထားသော နှစ်လက်မတုံကင်ရေတွင်းကြဲ့ခိုင်မှုကို ဒီဇင်ဘာ ၁၇ ရက်က လက်ထောက်ညွှန်ကြားရေးမှူးဦးတင်ဦးလေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန်းလွင်တို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဂုဏ်ပြုဆု ချီးမြှင့်

ဇန်နဝါရီ ၃ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၄) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ပညာရေးစုံညီပွဲတော်တွင် မြို့နယ်အဆင့် ဘက်စုံတတိယဆုရရှိသော စတုတ္ထတန်း(ခ)မှ ကျောင်းသူ မခိုင်သူသူဇင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှမြင့်ထွေး ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ပညာရေး)

နိုင်ငံတကာသတင်းများ

ဒုံးကျည်ဖြင့်ပစ်ခတ်ရန်ကြံစည်မှုတွင် ပတ်သက်သူ ဗြိတိသျှဝန်ထမ်းနှစ်ဦး ဖမ်းဆီးခံရ

ဂျေရုဆလင် ဇန်နဝါရီ ၈

အစ္စရေးနိုင်ငံရှိ ဗြိတိန်ကောင်စစ်ဝန်ရုံးမှ ဝန်ထမ်းနှစ်ဦးအား ဂျေရုဆလင်မြို့ရှိ ဘောလုံးအားကစားကွင်းအတွင်းသို့ ဒုံးကျည်ဖြင့်ပစ်ခတ်ရန် ကြံစည်မှုတွင် ပါဝင်ပတ်သက်မှုကြောင့် အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၈ရက်၌ ဖမ်းဆီးလိုက်သည်။

ဗြိတိန်ကောင်စစ်ဝန်ရုံးမှ အမျိုးသားဝန်ထမ်းနှစ်ဦးသည် ဒုံးကျည်များထားရှိရေး ကူညီဆောင်ရွက်ပေးခဲ့သည်ဆိုသော်လည်း ဒုံးကျည်များရှာဖွေတွေ့ရှိခဲ့ခြင်းမရှိချေ။ ဒုံးကျည်ကို နေရာပြောင်းရွှေ့ ထားရှိကြောင်း အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်များက ယူဆလျက်ရှိသည်။

ဗြိတိန်ကောင်စစ်ဝန်ရုံးမှ ဝန်ထမ်းနှစ်ဦးသည် အဆိုပါအားကစားရုံကို ဒုံးကျည်ဖြင့်ပစ်ခတ်ရန် အကောင်းဆုံးနေရာဖြစ်သည့် တောင်ကုန်းဆင်ခြေလျှောတစ်နေရာသို့ သယ်ယူပြောင်းရွှေ့ဖွယ်ရှိကြောင်း အစ္စရေးလုံခြုံရေးတပ်ဖွဲ့က ယူဆလျက်ရှိသည်။ **(အင်တာနက်)**

ချီကာဂို၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား

ချီကာဂို ဇန်နဝါရီ ၈

အမေရိကန်နိုင်ငံ ချီကာဂိုမြို့တောင်ပိုင်းတွင် ဇန်နဝါရီ ၈ရက်က သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် လူငယ်နှစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိသွားကြောင်း ချီကာဂိုရဲတပ်ဖွဲ့က ပြောကြားသည်။ **(အပေါ်ပုံ)**

သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် အသက် ၁၈နှစ်အရွယ်နှင့် ၁၆နှစ်အရွယ် လူငယ်နှစ်ဦးမှာ ဒဏ်ရာများရရှိခဲ့သဖြင့် နီးစပ်ရာဆေးရုံသို့ တင်ပို့ကုသခံစေလျက်ရှိသည်။

ကားတစ်စီးဖြင့်မောင်းနှင်လာသည့် သေနတ်သမားက ပစ်ခတ်သွားခြင်းဖြစ်ပြီး သေနတ်သမားအားဖမ်းမိရန် ကြိုးစားလျက်ရှိကြောင်း ၎င်းအရာရှိများက ထပ်မံပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်ကမ်းလွန်၌ အအေးဒဏ်ကြောင့် ငါးကောင်ရေနှစ်သန်းခန့်သေဆုံး

ဝါရှင်တန် ဇန်နဝါရီ ၈

အမေရိကန်နိုင်ငံကမ်းလွန် ချီဆာပီရာကီ ပင်လယ်အော်တွင် အအေးဓာတ်လွန်ကဲမှုကြောင့် ငါးကောင်ရေနှစ်သန်းခန့် သေဆုံးခဲ့ကြောင်း အမေရိကန်အရာရှိများက ဇန်နဝါရီ ၈ရက်၌ ပြောကြားသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မာရီလန်းဌာနမှ သတင်းထုတ်ပြန်ရာတွင် အမေရိကန်နိုင်ငံတစ်ဝန်း အအေးဓာတ်လွန်ကဲပြီး ရေခဲများခဲခဲ့သဖြင့် ပင်လယ်ပျော်သတ္တဝါနှင့် ငါးမျိုးစိတ်အများအပြား သေဆုံးခဲ့ရကြောင်း၊ ထို့အပြင် အခြားငါးမျိုးစိတ်များလည်း အအေးဓာတ်လွန်ကဲမှုဒဏ်ကို ခံစားခဲ့ရကြောင်း ဖော်ပြထားသည်။ **(အပေါ်ပုံ)**

သေဆုံးခဲ့

အမေရိကန်နိုင်ငံ အာကန်ဆက်ပြည်နယ် အနောက်မြောက်ပိုင်း ရေပြင်တွင်လည်း အအေးဓာတ်လွန်ကဲမှုကြောင့် ငါးကောင်ရေ တစ်သိန်းခန့် သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

လန်ဒန်ရှိလေဆိပ်နှင့် ဘူတာရုံများ တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ခံနေရ

လန်ဒန် ဇန်နဝါရီ ၈

လန်ဒန်ရှိလေဆိပ်များနှင့် ရထားဘူတာရုံများသည် အကြမ်းဖက်တိုက်ခိုက်ခံရမည့်အန္တရာယ်နှင့် ရင်ဆိုင်ရနိုင်ကြောင်း လန်ဒန်ရဲတပ်ဖွဲ့က ဇန်နဝါရီ ၈ရက်၌ သတိပေးချက်ထုတ်ပြန်ထားသည်။

ပြောကြား

ခရီးသွားလာရေးယာဉ်များနှင့်နေရာများကို အဓိကထား တိုက်ခိုက်မည်ဟု သတင်းရရှိထားသဖြင့် ကြိုတင်ကာကွယ်မှုများကို ပြုလုပ်ထားကြောင်း၊ အကြမ်းဖက်သမားများထံမှ ခြိမ်းခြောက်သည့် ကြေးနန်းစာရရှိပြီးနောက် အထူးတပ်ဖွဲ့ဝင်များ ဖွဲ့စည်း တာဝန်ပေးထားကြောင်း တာဝန်ရှိရဲအရာရှိတစ်ဦးက ပြောကြားသည်။

ဆက်နွှယ်နေ

တစ်လအတွင်း နေရာနှစ်နေရာတွင်ဖြစ်ပွားခဲ့သော ပြင်းထန်သည့် တိုက်ခိုက်မှုများသည် ဗြိတိန်ရှိ အကြမ်းဖက်အုပ်စုများနှင့် ဆက်နွှယ်နေသည်။ ဆွီဒင်နိုင်ငံတွင်ဖြစ်ပွားသည့် အသေခံ ဗုံးခွဲတိုက်ခိုက်မှုတွင် အသေခံဗုံးခွဲသမားသည် ရထားဘူတာရုံကိုပစ်မှတ်ထား ဦးတည်ခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် အကြမ်းဖက်သမားသုံးဦးသည် မွမ်ဘိုင်း တိုက်ခိုက်မှုပုံစံအတိုင်း အကြမ်းဖက်တိုက်ခိုက်ခဲ့ဖြစ်သည်။ **(အင်တာနက်)**

မက္ကဆီကိုမြောက်ပိုင်း၌ မြို့တော်ဝန်တစ်ဦး သေဆုံး

မက္ကဆီကိုစီးတီး ဇန်နဝါရီ ၈

မက္ကဆီကိုမြောက်ပိုင်း မြို့တစ်မြို့တွင် မြို့တော်ဝန်တစ်ဦးသေဆုံးနေမှုကို ဇန်နဝါရီ ၇ရက်က တွေ့ရှိခဲ့ကြောင်း မက္ကဆီကိုရဲတပ်ဖွဲ့က ပြောကြားသည်။

ပျောက်ဆုံး

၎င်းသည် မက္ကဆီကိုမြောက်ပိုင်းရှိ ကောဟူရီလာပြည်နယ်အတွင်းရှိ ကရာဂိုဇာမြို့၏ မြို့တော်ဝန်ဆောဗာရာဖြစ်ပြီး ရုပ်အလောင်းကို နယူဗိုလီယွန်ပြည်နယ်အတွင်းရှိ ဂါလီယန်နာမြို့၌ ဇန်နဝါရီ ၇ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီခန့်တွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဗာရာသည် မူးယစ်ဂိုဏ်းအဖွဲ့ဝင်များ၏ လက်ချက်ဖြင့် သေဆုံးဖွယ်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အမ်အင်န်အေ၊ ဆင်ဟွာ

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

ဆော်ဒီ၌ ဆေးဘက်ဆိုင်ရာ လေယာဉ်ပျက်ကျ

ရီယာ့ဒ် ဇန်နဝါရီ ၈

ဆော်ဒီအာရေဗျနိုင်ငံတွင် ဆေးဝါးထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးဆိုင်ရာ လေယာဉ်တစ်စင်း ဇန်နဝါရီ ၈ရက်က ပျက်ကျခဲ့ကြောင်း **(အပေါ်ပုံ)** ဆော်ဒီအာရေဗျစစ်ဘက်အရာရှိများက ပြောကြားသည်။

အဆိုပါလေယာဉ်သည် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တော်၏ တောင်ဘက် ၃၅ကီလိုမီတာအကွာ အယ်ဟာယာအရပ်၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်ပေါ်လိုက်ပါလာသူ ဝန်ထမ်းလေးဦး သေဆုံးခဲ့သည်။ လေယာဉ်မည်သည့်အတွက်ကြောင့် ပျက်ကျသည်ကို စုံစမ်းစစ်ဆေးလျက်ရှိပြီး လေယာဉ်ပျက်ကျသည့်နေရာ၌ အပျက်အစီးများကို ဖယ်ရှားရှင်းလင်းလျက်ရှိသည်။ **(အင်တာနက်)**

ကနေဒါ၌ ရေနံတူးစင်မီးလောင်

ဗင်ကူးဗား ဇန်နဝါရီ ၈

ကနေဒါနိုင်ငံ အယ်လ်ဘာတာပြည်နယ် အနောက်ပိုင်းရှိ ရေနံတူးစင်တစ်ခုတွင် ဇန်နဝါရီ ၈ရက်က မီးလောင်မှုဖြစ်ပွားရာ **(ယာပုံ)** သုံးဦး ဒဏ်ရာရရှိပြီး ရေနံတူးစင်လည်း မီးလောင်ပျက်စီးခဲ့ရကြောင်း ကနေဒါအရာရှိများက ပြောကြားသည်။

မတော်တဆဖြစ်ပွား

မီးလောင်မှုဖြစ်ပွားသည့် နေရာမှာ ရေနံအရင်းအမြစ်ကြွယ်ဝသည့် ကနေဒါနိုင်ငံ ဖို့ဒ်မက်ကေးမြို့အနီး ဟော်ရီဇုန် ရေနံထုတ်လုပ်ရေးလုပ်ငန်းခွင်၌ဖြစ်သည်။ ဒဏ်ရာရရှိသူများမှာ ရေနံတူးစင်မှ ဝန်ထမ်းများဖြစ်ပြီး မီးလောင်မှုမှာ မတော်တဆဖြစ်ရပ်ကြောင့် ဖြစ်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

တောင်ကိုရီးယား ဘူဆန်ဆိပ်ကမ်း၌ ကမ္ဘောဒီးယားကုန်တင်သင်္ဘောမီးလောင်

ဆိုးလ် ဇန်နဝါရီ ၈

တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့ဆိပ်ကမ်းတွင် ကမ္ဘောဒီးယားကုန်တင်သင်္ဘောတစ်စင်း ဇန်နဝါရီ ၇ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ **(ဝဲပုံ)** သင်္ဘောသားလေးဦးသေဆုံးပြီး သင်္ဘောကိုယ်ထည်နှင့်အင်ဂျင်အစိတ်အပိုင်းများ မီးလောင်ကျွမ်းခံခဲ့ရကြောင်း တောင်ကိုရီးယားဆိပ်ကမ်းအရာရှိများက ပြောကြားသည်။

ကယ်ဆယ်နိုင်

မီးလောင်မှုမှာ ဇန်နဝါရီ ၇ ရက် ည ၆နာရီခွဲကဖြစ်ပြီး ထမင်းဟင်းချက်ပြုတ်ခန်းမှ စတင်မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများမှာ တရုတ်နိုင်ငံသား သင်္ဘောသားလေးဦးဖြစ်ကြောင်း၊ ကျန်သင်္ဘောသားများကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်ပြီးနောက် နှစ်နာရီခန့်ကြာမြင့်ပြီးမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နိုင်ခဲ့သည်။ သင်္ဘောမီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုကို စစ်ဆေးနေဆဲဖြစ်သည်။ **(အင်တာနက်)**

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား သဝဏ်လွှာများ ဖတ်ကြား

မြောက်ဥက္ကလာပမြို့နယ်ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင် သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

မရမ်းကုန်းမြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင် သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

သြောင်တုန်းမြို့နယ်ဥက္ကဋ္ဌ ဦးခင်မင်း သဝဏ်လွှာဖတ်ကြားစဉ်။ (၁၅၂)

မော်လမြိုင်ကျွန်းမြို့နယ်ဥက္ကဋ္ဌ ဦးဌေးမောင် သဝဏ်လွှာဖတ်ကြားစဉ်။ (၁၄၂)

သင်္ဃန်းကျွန်းမြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင် သဝဏ်လွှာဖတ်ကြားစဉ်။ (၁၂၁)



ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဥက္ကဋ္ဌ ဦးဌေးကျော် သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

နွေစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးမှု တာချီလိတ်၌ စစ်ဆေး

တာချီလိတ် ဇန်နဝါရီ ၈

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြေယာ) ဦးသက်နိုင်ဦးသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ် မြေစာရင်းဦးစီးမှူး ဦးခင်မောင်ဖိုလ်၊ ခရိုင် မြေစာရင်းဦးစီးမှူး ဦးမြင့်ဦး၊ မြို့နယ် မြေစာရင်းဦးစီးမှူး ဦးရဲရင့်ထွဋ်တို့နှင့်အတူ ဇန်နဝါရီ ၃ ရက်က တာချီလိတ်မြို့နယ် မိုင်းကိုး၊ နားယောင်း၊ မိုင်းလင်းအနောက်၊ မိုင်းလင်းအရှေ့၊ မိုင်းပါလျှိုး ကျေးရွာအုပ်စုများသို့ သွားရောက်၍ နွေစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးမှု စာရင်းဇယားမှန်ကန်ရေး ကွင်းဆင်းစစ်ဆေးခဲ့သည်။ ဆက်လက်၍ ကျိုင်းလပ်မြို့ မြေစာရင်းဦးစီးဌာနရုံး၌ ရုံးလုပ်ငန်းများစစ်ဆေးခဲ့ပြီး မြို့နယ် မြေစာရင်းဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သီပေါမြို့၌ ဥပဒေရုံးအဆောက်အအုံဖွင့်

သီပေါ ဇန်နဝါရီ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါ မြို့နယ် ဥပဒေရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက အဆိုပါရုံးသစ် အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် ကျောက်မဲခရိုင် ဥပဒေအရာရှိ ဦးတင့်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ပြည်နယ် ဥပဒေအရာရှိ ဦးကျော်ထင်က အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ (ပြည်နယ်ဥပဒေရုံး)

စောင့်ကြည့် သတင်းဂျာနယ်ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၈

ထိုင်းကုမ္ပဏီက မြန်မာပြည်မှာ ရင်းနှီးမြှုပ်နှံလို၊ တရုတ်နိုင်ငံက မန္တလေးမှ အနုပညာရှင် ဦးမျိုးခင်၏ အနုပညာဘဝကို ရုပ်ရှင်ရိုက်မည်၊ အင်တာနက်နှင့် ရုပ်သံပါသည့် ဖုန်းဖြန့်ချိမည်၊ ဇရာဝတီသဲသောင်ပေါ် နေထိုင်မှုများလာသည့် ပျံကျလုပ်သားမိသားစုများ၊ မလေးရှားအလုပ်ခေါ်စာ အတုလုပ်ပေးသော အေဂျင်စီများရှိနေ၊ အစ္စရေးသို့ စိုက်ပျိုးမွေးမြူရေး သင်တန်းသား ၅၅ဦး စေလွှတ်၊ မြေလျှင်သုတေသနသမားများ မန္တလေးကို ပထမဆုံး ရွေးချယ်တိုင်းတာ၊ ဘုရားဖူးရာသီ အလောင်းတော်ကဿပ ဘုရားဖူးသူများပြား၊ တက္ကသိုလ် ဝင်တန်းဖြေမည့်သူများ အခမဲ့ပညာသင်ကြားနိုင်ရန် ပန်းဘဲတန်း အထက(၂)၌ စီစဉ်၊ မြန်မာပြည်မှာလည်း နေစွမ်းအင်သုံး ဆိုလာပြားများ အသုံးများလာ၊ ပုသိမ်မြို့တွင်းသို့ ကုန်တင်ယာဉ်ကြီးများ မဝင်ရ၊ မုံရွာ-ကလေး ခရီးစဉ်ယာဉ်စီးခလျှော့ချ၊ ရန်ကုန်မြို့၌ အဆင့်မြင့်ရုပ်ရှင်ရုံတစ်ရုံ ဖေဖော်ဝါရီတွင် ဖွင့်မည်၊ ကုမ္ပဏီ တည်ထောင်၍ မြန်မာ့သရက် ပြည်ပပို့မည်၊ မြန်မာမင်းသမီး ကိုရီးယားကားမှာ သရုပ်ဆောင်၊ မြောက်ကိုရီးယားက နှစ်သစ်မှာ ဆွေးနွေးချင်ကြောင်းပြော၊ သို့သော်....၊ အိုင်ဗရီကို့စ် ချိုးဖောက်မှုများ ကုလစုံစမ်းတော့မည်၊ ရီပတ်ဘလစ်ကန်များ အမေရိကန်အောက်လွှတ်တော်ကိုထိန်းချုပ်၊ အွန်စောငယ်လေး (မွန်ဂေးယွန်)နှင့် တွေ့ဆုံခန်း၊ တစ်ဦးတည်းသောသား ဂျန်ကွမ်ဆု(အိန်ဂျယ်ချစ်သူ) စသည်များနှင့် လူထုစိန်ဝင်း၊ မောင်သာနိုး၊ ဒေါက်တာအောင်ခင်ဆင့်တို့၏ ဆောင်းပါးများ၊ ဇင်ယော်နီ၏ ကံကောင်းခြင်းဂဏန်းများနှင့် ပြည်တွင်း ပြည်ပသတင်း၊ ဆောင်းပါးများဖြင့်.... News Watch (စောင့်ကြည့်)သတင်းဂျာနယ် ထွက်နေပြီဖြစ်သည်။

(သတင်းစဉ်)

တပ်ကုန်းမြို့နယ်၌ ပညာရေးစုံညီပွဲတော်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် ၂၀၁၀-၂၀၁၁ ခုနှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုရင်ပြင်၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးမောင်ဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးဦးမောင်ဦးက အထက(၁)မှ တက္ကသိုလ်တွင် တက်ရောက်ပညာသင်ယူနေကြသော ကျောင်းသား ကျောင်းသူသုံးဦးတို့အား လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းက တက္ကသိုလ်တွင် တက်ရောက်ပညာသင်ယူနေကြသော ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့အား လည်းကောင်း တစ်နှစ်စာ ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၃၁သိန်း ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၃ရက်က ကျင်းပသော အထက(၂) မြောက်ဥက္ကလာပ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘ ဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ၌ သတ္တမတန်း သမိုင်းဘာသာထူးချွန်ဆု ရရှိသော မောင်ရှိုင်းဝဏ္ဏအောင်အား ကျောင်းအုပ်ဆရာကြီး ဦးလှခိုင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ ဆုပေးပွဲကို ဇန်နဝါရီ ၄ရက်က တာမွေမြို့နယ်ရုံး၌ကျင်းပရာ ပထမဆုရရှိသည့် သုံးမြွာပူးကလေးငယ်တို့အား မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အေးဆွေက ဆုချီးမြှင့်စဉ်။ (၁၇၁)

9-1 (05).pmd 1 1/9/2011, 2:22 AM

အမ်းနှင့်မြေပုံမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၈

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် ဒီဇင်ဘာ ၃၁ရက်က အမ်းမြို့ အမ်းတပ်နယ်ခန်းမ၌ တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် ဇန်နဝါရီ ၁ရက်က အမ်းမြို့နယ် ဂယ်လောင်းကျေးရွာ အမ်း-တပ်တောင် ကားလမ်းပိုင်း၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီးနောက် ညောင်ချောင်းကျေးရွာအုပ်စု ငရုတ်ခင်းကျေးရွာတွင် ဆန္ဒင်းကျွန်းရေငန်တားတမံ ဆည်ဖို့ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မြေပုံမြို့နယ် ကျွန်းသာယာကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအတွင်း ကျေးလက်ကျန်းမာရေးဌာနအဆောက်အအုံ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ အုန်းချောင်းကျေးရွာအုပ်စု ပြင်ချောင်းကျေးရွာ ပြင်ချောင်းရေငန်တားတမံအား ဆည်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ပုလဲမြို့နယ် ကံကြီးကျေးရွာ၌ဖွင့်

နေပြည်တော် ဇန်နဝါရီ ၈

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကံကြီးကျေးရွာ၏ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ မြို့နယ်ပညာရေးမှူး ဦးထိန်မင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်စိုးတို့က ကျောင်း(ခွဲ)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးထိန်မင်းက ပညာရေးနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဖားကန့်မြို့နေ ပင်မဦးဆောင်အလှူရှင် ဦးနေမျိုးက အခြေခံပညာ မူလတန်းကျောင်း(ခွဲ) ပညာရေး ငွေပဒေသာပင်အတွက် ငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စီစီစိန်က လက်ခံပြီး ဖွင့်ပွဲအထိမ်းအမှတ်အလံနှင့် တိုင်ကပ်နာရီတို့ကို မြို့နယ်ပညာရေးမှူး ဦးထိန်မင်းက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ်တွင် အခွန်ဆိုင်ရာဟောပြောဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ၁၀-၃-၂၀၁၀ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၁/၂၀၁၀)ဖြင့် ထုတ်ပြန်ခဲ့သော ပင်ရင်းမှ နုတ်ယူပေးသွင်းသည့်အခွန်(Withholding Tax) နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး ဟောပြောပွဲကို ဒီဇင်ဘာ ၃၁ရက် နံနက် ၁၀ နာရီက ကုန်သည်/စက်မှုအသင်းချုပ် ပထမထပ်ခန်းမကြီး၌ ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မိုးကြည်က Withholding Tax နှင့် ပတ်သက်၍ ဟောပြောရှင်းလင်းဆွေးနွေးသည်။

ပြန်လည်ဖြေကြား

ထို့နောက် ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျကြည်ညွှန့်က ကြိုတင်ပေးပို့မေးမြန်းထားသော မေးခွန်းများကို ဖြေကြား ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြား ဆွေးနွေးကြကြောင်း သိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၇၁)ရပ်ကွက် တပင်ရွှေထီးလမ်းနေ ကျေးဇူးရှင်ဖခင်ကြီးဦးသောင်းဖေ (၇၅)နှစ်အားရည်စူး၍ မိခင်ကြီး ဒေါ်အေးမြင့် အမှူးထားပြီး သားသမီး မြေးတစ်စုတို့က ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ခိုလမ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံး မြေနေရာကို ဒီဇင်ဘာ ၁၇ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဈေးကွက်စီမံခန့်ခွဲမှုသင်တန်းများ ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၈

MBA ဘွဲ့ရ စီးပွားရေးလုပ်ငန်းရှင်များဖွဲ့စည်းထားသည့် (Myanmar Business Executives (MBE) Network) က တည်ထောင်ထားသော စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းကျောင်း Business Capacity Building (BCB) Centre မှ Essential Knowledge on Banking & Finance သင်တန်းနှင့် ဈေးကွက်စီမံခန့်ခွဲမှု ကျွမ်းကျင်မှု (Marketing Management) သင်တန်းကို ဇန်နဝါရီလ ဒုတိယပတ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကို ငွေကြေးနှင့် ဘဏ်လုပ်ငန်းအကြောင်း စိတ်ဝင်စားသူများ၊ ဘဏ်လုပ်ငန်း၌ တာဝန်ထမ်းဆောင်လိုသူများနှင့် ဘဏ်လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

ဈေးကွက်စီမံခန့်ခွဲမှုကျွမ်းကျင်ရေးသင်တန်း (Marketing Management) သင်တန်း၌ Marketing Strategy (ဈေးကွက်မဟာဗျူဟာချမှတ်ခြင်း)၊ Advertising & Promotion (ကြော်ငြာခြင်းနှင့် အရောင်းမြှင့်တင်ခြင်း)၊ Customer Relation Management (ဖောက်သည်ဆက်ဆံရေးကို စီမံခန့်ခွဲခြင်း) ဘာသာရပ်များ ပါဝင်မည်ဖြစ်ပြီး ကျွမ်းကျင်သော ဈေးကွက်ဖော်ဆောင်မှု စီမံခန့်ခွဲသူတစ်ဦးဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးမည်ဟု သိရှိရသည်။

စိတ်ဝင်စားသူများအနေဖြင့် BCB Centre ဖုန်း-၅၃၈၅၃၁ အခန်း(၄၀၅) ပန်းခြံတာဝါ အမှတ် ၈ ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ e-mail : bcbcentre@mptmail.com.mm, bcbcentre009@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မီး သတိပြု

အိမ်ရာနေထိုင်မှုနှင့် ပရိဘောဂပြပွဲ SHINE ဆောက်လုပ်ရေးပါဝင်ပြသခဲ့

ရန်ကုန် ဇန်နဝါရီ ၈

Smart Business Group က ကြီးမှူးကျင်းပသည့် အိမ်ရာနေထိုင်မှုနှင့် ပရိဘောဂပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၁ရက်မှ ၄ရက်အထိ ခင်းကျင်းပြသခဲ့ရာSHINE ဆောက်လုပ်ရေးက ပါဝင်ပြသခဲ့သည်။

မိသားစုတိုင်း အိမ်ပိုင်ဆိုင်ရမည် ရည်ရွယ်ချက်ဖြင့် SHINE ဆောက်လုပ်ရေးက အိမ်ရာများကို ရောင်းချပေးလျက်ရှိရာ ငွေကျပ်ငါးသိန်း ယူဆောင်လာရုံဖြင့် တိုက်ခန်းများ ဝယ်ယူခွင့်ရရှိမည်ဖြစ်သည်။ထို့အပြင်အဆင့်မြင့် Condo တိုက်ခန်း ဝယ်ယူမည့်သူများသည် ငွေကျပ် ၁၀သိန်း ယူဆောင်လာရုံဖြင့် ဝယ်ယူခွင့်ရရှိမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် မြေညီထပ် တိုက်ခန်းဝယ်ယူလိုသူများသည် ငွေကျပ် သိန်း၅၀ စတင်ရင်းနှီးမြှုပ်နှံရုံဖြင့် ပိုင်ဆိုင်ခွင့်ရရှိမည်ဖြစ်သည်။

ထို့အပြင် ပြခန်းတွင် ကောင်းမြတ်ဇော် အင်တာနေရှင်နယ် ကုမ္ပဏီမှ ဗီယက်နမ်နိုင်ငံထုတ် Viglacera Brand ကြွေပြား၊ ကျောက်ပြား၊ ဘိုထိုင်ဘေစင်များကိုလည်း အရည်အသွေးမြင့်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်မည် ဖြစ်သည်။ Steel Main Door များကိုလည်း ၇ပေ×၃ပေ တစ်ချပ်လျှင် ငွေကျပ် ၁၃၉၉၉၉ ဖြင့် အိမ်တိုင်ရာရောက်ပို့ဆောင်ပေးသည့်စနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။ အိမ်တွင်းအလှဆင်လုပ်ငန်းများကို Shine Creator Design Group က ရေးဆွဲပေးပြီး Shine Home Decoration Group က နိုင်ငံတကာအဆင့်မီ လက်ရာများကို ဝယ်ယူသူစိတ်တိုင်းကျ ပြုလုပ်ပေးလျက် ရှိသည်။

Shine Group of Companies နှင့် ဆက်သွယ်လိုပါက အမှတ် ၂၉ ဂျိုးဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၅၃၄၀ နှင့် ၀၉-၅၁၉၂၄၂၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အထက(၁) ကြည့်မြင်တိုင် ပညာရေးစုံညီပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

၂၀၁၁ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၇ ရက်က အထက(၁) ကြည့်မြင်တိုင် မြဝတ်ရည်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရဲသွေး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဆင့်တို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် ကျောင်းအတွက် စကိုင်းနက် တစ်စုံတပ်ဆင်ရန် အလှူငွေကျပ် ၁၅၀၀၀၀ ကို ဟိုတယ်ဂလိုရီပိုင်ရှင် ဦးခင်မောင်ပြုံးက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဆင့်သို့ ပေးအပ်ပြီးနောက် မြို့နယ်ဥက္ကဋ္ဌ၊ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဆုရကျောင်းသား ကျောင်းသူများ၊ ကျောင်းတွင်းဆောင်ရွက်မှု ဆုရဆရာမများနှင့် ဝန်ထမ်းများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (မြန်မာ့အလင်း)

ဖုံးကွယ်လူသတ်သမားနှင့် လမ်းအန္တရာယ်ကင်းရှင်းရေးဗျူဟာများ

ရဲဂုဏ်မြင့်

ဤကမ္ဘာမြေပြင်ပေါ်တွင် စစ်ပွဲများ၊ သဘာဝဘေးအန္တရာယ်များ၊ ကပ်ရောဂါများ၊ အကြမ်းဖက်မှုများ၊ ရာဇဝတ်မှု ဖြစ်မှုများကြောင့် နေ့စဉ်နှင့်အမျှ လူ့အသက်ပေါင်းများစွာ ဆုံးရှုံးလျက်ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် ကမ္ဘာ့ဘဏ်တို့က ၂၀၀၄ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ယာဉ်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းကို တားဆီးကာကွယ်ခြင်းနှင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာသည့် အကျိုးဆက်များဆိုင်ရာ အစီရင်ခံစာတွင် မျက်မှောက်ကမ္ဘာတွင် ယာဉ်အန္တရာယ်ကြောင့် နေ့စဉ်လူ ၃၅၀၀ကျော် သေဆုံးလျက်ရှိကြောင်း၊ နှစ်စဉ် လူပေါင်း ၁ဒသမ ၃သန်းသေဆုံးပြီး လူသန်းပေါင်း ၅၀ခန့်သည် ထိခိုက်ဒဏ်ရာရခြင်းနှင့် မသန်မစွမ်းဖြစ်နေကြရကြောင်း၊ ယာဉ်မတော် တဆမှုကြောင့် တစ်မိနစ်လျှင် လူ ၁၂ဦးသေဆုံးလျက်ရှိပြီး သုံးမိနစ်တိုင်းတွင် ကလေးငယ်တစ်ဦးနှုန်းသေဆုံးနေရကြောင်း၊ ဆုံးရှုံးမှုတန်ဖိုးမှာ ကမ္ဘာ့နိုင်ငံ အားလုံးတွင် အမေရိကန်ဒေါ်လာ ၅၀ဘီလီယံခန့်ရှိနေကြောင်း၊ နှစ်စဉ် အလွန်ကြီးမားသော မြို့ကြီးတစ်မြို့ (Metropolis) ဆုံးရှုံးပျက်စီးနေသည်ဟု ဆိုရမည်ဖြစ်ကြောင်းဖြင့် ဖော်ပြထားပါသည်။

၂၀၀၉ခုနှစ် နိုဝင်ဘာ ၁၉ရက်မှ ၂၀ရက်အထိ WHO နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) က ကမကထပြုကာ ပထမအကြိမ် ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ဝန်ကြီးအဆင့်အစည်းအဝေးကြီး (First Global Ministerial Conference on Road Safety) ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ၍ မော်စကိုမြို့တွင် ကျင်းပခဲ့သည်။ အစည်းအဝေးကြီးသို့ တက်ရောက်လာကြသူ နိုင်ငံပေါင်း ၁၅၀မှ ကိုယ်စားလှယ်အားလုံးက ယာဉ်တိုက်မှုနှင့် လမ်းအန္တရာယ်သည် ကမ္ဘာကြီးတစ်ခုလုံးကို ခြိမ်းခြောက်နေသော အကြီးမားဆုံး ဖုံးကွယ်လူသတ်သမားဖြစ်သည်ဟူသော အချက်ကို တညီတညွတ်တည်းရှုမြင်လက်ခံကြပြီး ယာဉ်တိုက်မှုနှင့် လမ်းအန္တရာယ်များ လျော့နည်းကျဆင်းရေးအတွက် ရှေ့လုပ်ငန်းစဉ်ချမှတ်ကာ မော်စကို ကြေညာစာတမ်း(Moscow Declaration) ကို ၂၀၀၉ခုနှစ်၊ နိုဝင်ဘာလ ၂၀ရက်တွင် သဘောတူထုတ်ပြန်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင်လည်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီကဦးစီး၍ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ရန်ကုန် စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ဆေးရုံကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ပါဝင်သော **ယာဉ်မတော်တဆမှုများ စာရင်းကောက်ယူရေးအဖွဲ့** နှစ်ဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ကာ မြန်မာနိုင်ငံအတွင်း ယာဉ်မတော်တဆမှုအများဆုံးဖြစ်ပွားသော ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)များအတွင်း ၁၁-၉-၂၀၀၉ရက်နေ့မှ ၂၀-၉-၂၀၀၉ရက်နေ့အထိ ကွင်းဆင်းလျက် အချက်အလက်များကို ကောက်ယူ စုဆောင်းခဲ့ကြသည်။

ကွင်းဆင်းကောက်ယူသော အချက်အလက်များအရ ၂၀၀၈ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများတွင် လူသေဆုံးမှု တစ်မှုဖြစ်တိုင်း အပြင်းအထန်ဒဏ်ရာရရှိသူ ၂ ဒသမ ၇၈မှု၊ သာမန်ဒဏ်ရာရရှိမှု ၀ဒသမ ၉၄မှု၊ ဒဏ်ရာမရရှိသောယာဉ်တိုက်မှု ၀ ဒသမ ၄၉ မှုဖြစ်ပွားကြောင်း တွေ့ရှိရသည်။ စာရင်းကောက်ယူရရှိချက်ပေါ်မူတည်၍လည်း ကြိုတင်ကာကွယ်ရေး နည်းလမ်းများ၊ အသိ ပညာပေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်လည်း ရှိပါသည်။

၂၆-၃-၂၀၀၉ရက်နေ့တွင်ဖွင့်လှစ်ခဲ့သော ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးတွင်လည်း ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးက ပညာပေးခြင်း၊ စောင့်ကြည့်လေ့လာခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ယင်းအမြန်လမ်းမကြီးတွင် ကွန်ကရစ်လမ်းအမျိုးအစား အရှည် ၁၉၆မိုင် ၁ဖာလုံဖြစ်ပြီး နိုင်ငံတကာအဆင့်မီ ရှစ်လမ်းသွားလမ်းမကြီး ဖြစ်ပါသည်။ နေပြည်တော်-ရန်ကုန် လမ်းပိုင်းတွင် ၂၀၀၉ခုနှစ်၌ လူတို့၏ ပေါ့ဆမှုကြောင့် ယာဉ်မတော်တဆမှုပေါင်း ၈၆မှုဖြစ်ခဲ့ပြီး ၃၇ဦးသေဆုံး၍ ၁၅၃ဦး ဒဏ်ရာရရှိခဲ့သည်။ ၂၀၁၀ခုနှစ် နိုဝင်ဘာ ၂၃ရက်အထိ ယာဉ်တိုက်မှုပေါင်း ၇၀ဖြစ်ခဲ့ပြီး ၄၃ဦးသေဆုံး၍ ၁၂၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း တွေ့ရှိရသည်။ အဆိုပါ အမြန်လမ်းမကြီးတစ်လျှောက်တွင် ယာဉ်မတော်တဆမှုများကို လေ့လာရာတွင် အောက်ပါအတိုင်း တွေ့ရှိရသည်-

(က) **ဖြစ်ပွားသည့်နေရာများ**

		၂၀၀၉ခုနှစ်	**၂၀၁၀ခုနှစ်**
(၁)	မိုင်တိုင်အမှတ် ၃၂မိုင်မှ၃၃မိုင်အတွင်း (ပဲခူးမြို့နယ်အတွင်း)	၃ ကြိမ်	- ကြိမ်
(၂)	မိုင်တိုင်အမှတ် ၄၂မိုင်မှ ၄၃မိုင်အတွင်း (ပဲခူးမြို့နယ်အတွင်း)	- ကြိမ်	၄ ကြိမ်
(၃)	မိုင်တိုင်အမှတ် ၈၃မိုင်မှ ၈၄မိုင်အတွင်း (ကျောက်တံခါးမြို့နယ်အတွင်း)	- ကြိမ်	၄ကြိမ်
(၄)	မိုင်တိုင်အမှတ် ၁၁၇မိုင်မှ၁၁၈မိုင်အတွင်း (ဖြူးမြို့နယ်အတွင်း)	၃ ကြိမ်	- ကြိမ်
(၅)	မိုင်တိုင်အမှတ် ၁၄၇မိုင်မှ ၁၄၈မိုင်အတွင်း (တောင်ငူမြို့နယ်အတွင်း)	၄ ကြိမ်	- ကြိမ်
(၆)	မိုင်တိုင်အမှတ် ၁၅၃မိုင်မှ ၁၅၄မိုင်အတွင်း (တောင်ငူမြို့နယ်အတွင်း)	၃ ကြိမ်	၂ ကြိမ်
(၇)	နှစ်ကြိမ်ဖြစ်ပွားသည့်နေရာ	၂၃နေရာ	၉နေရာ
(၈)	တစ်ကြိမ်ဖြစ်ပွားသည့်နေရာ	၂၇နေရာ	၄၂နေရာ
	စုစုပေါင်း	**၈၆နေရာ**	**၇၀နေရာ**

(ခ) **ဖြစ်ပွားရခြင်းအကြောင်းရင်းများ**

		၂၀၀၉ ခုနှစ်	**၂၀၁၀ ခုနှစ်**
(၁)	ယာဉ်မောင်းများ၏ပေါ့ဆမှု	၅၂ မှု	၄၅ မှု
(၂)	အရှိန်ပြင်းမောင်းနှင်မှု	၁၉ မှု	၅ မှု
(၃)	ယာဉ်ချွတ်ယွင်းမှု(ဘီးပေါက်)	၁၀ မှု	၁၁ မှု
(၄)	စက်ချွတ်ယွင်းမှု(ရှပ်ကျိုး/ ဘရိတ်ပေါက်)	၄ မှု	၉ မှု
(၅)	ခရီးသည်ပေါ့ဆမှု	၁ မှု	- မှု
	စုစုပေါင်း	**၈၆ မှု**	**၇၀ မှု**

စစ်တမ်းစာရင်းဇယားနှင့်မှတ်တမ်းများအရ ယာဉ်အန္တရာယ်ကြောင့် သေဆုံးမှုအချိုးတွင် အမျိုးသားက ၇၅ ဒသမ ၈ရာခိုင်နှုန်း၊ အမျိုးသမီးက ၂၄ ဒသမ ၂ရာခိုင်နှုန်းရှိနေကြောင်း တွေ့ရှိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားရခြင်းအများစုမှာ ယာဉ်မောင်းလိုင်စင်မရှိသူများ၊ ယာဉ်မောင်းသင်တန်းမတက်ဖူးသူများ၊ ဆင်ခြင်တရားနည်းပါးသူများ၊ အရက်သေစာသောက်စားမူးယစ်၍ ယာဉ်မောင်းနှင်သူများဖြစ်ကြောင်း တွေ့ရှိသည်။ ဖော်ထုတ်ရန်အချက်အလက်များအရ လမ်းအန္တရာယ်ဖြစ်ပွားမှုများမှာ ယာဉ်မောင်း၏ပေါ့ဆမှု၊ အရှိန်ပြင်းမောင်းနှင်မှုနှင့် ယာဉ်အသုံးပြုသူတို့၏ ပေါ့လျော့မှု၊ ဂရုမပြုမှု၊ ယာဉ်ချွတ်ယွင်းမှုကြောင့် စသည့် လူသားတို့၏ ချို့ယွင်းအားနည်းချက်များကြောင့်သာ အများဆုံးဖြစ်ပွား ပေါ်ပေါက်ခဲ့ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် ဖုံးကွယ်လူသတ်သမားကို ကိန်းဂဏန်းများအရ မကြာမီကပင် ဖော်ထုတ်နိုင်ခဲ့ကြသည်။ ၂၀၀၇ခုနှစ်က မြန်မာနိုင်ငံတစ်ဝန်းတွင် ယာဉ်တိုက်မှု ၆၉၃၉မှုဖြစ်ပွားခဲ့ပြီး ၁၆၃၈ဦးသေဆုံးကာ ၁၃၀၆၇ဦး ဒဏ်ရာရရှိခဲ့သည်။ ၂၀၀၈ခုနှစ်တွင် တစ်နိုင်ငံလုံး၌ ယာဉ်တိုက်မှု ၇၂၀၄မှုဖြစ်ပွားပြီး ၁၈၅၃ဦး သေဆုံးကာ ၁၂၈၀၃ဦး ဒဏ်ရာရရှိခဲ့သည်။ ၂၀၀၉ခုနှစ်တွင် ယာဉ်တိုက်မှု ၈၄၆၁မှုဖြစ်ပွား၍ ၂၁၇၃ဦးသေဆုံးပြီး ၇၁၈၄ဦး အပြင်းအထန်ဒဏ်ရာရရှိကာ ၇၅၁၆ဦးမှာ သာမန်ဒဏ်ရာရရှိခဲ့သည်။

ဤသို့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ဘေးကင်းလုံခြုံမှုမရှိသဖြင့် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးနေရသည်မှာ မြန်မာနိုင်ငံ၌သာမက ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်နေလျက် တစ်နေ့တခြား ကြီးထွားလာသော ကမ္ဘာ့ပြဿနာအဖြစ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတကာတွင် လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် မဟာဗျူဟာများ ချမှတ်ကျင့်သုံး အကောင်အထည်ဖော် လာကြရသည်။ ယနေ့ မျက်မှောက်ကာလတွင် ကမ္ဘာလုံးဆိုင်ရာ ကျင့်သုံးနေသော လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ရေပန်းအစားဆုံး မဟာဗျူဟာမှာ အီးငါးလုံးစနစ် (5Es System) ဖြစ်သည်။ အီးငါးလုံးစနစ်ဆိုသည်မှာ အသိပညာပေးခြင်း (Education)၊ လမ်းတည်ဆောက်မှုတွင် ဒီဇိုင်းကောင်းမွန် မှန်ကန်ခြင်း၊ နည်းပညာမှန်ကန်ခြင်း၊ ယာဉ်နှင့် စက်ကိရိယာပစ္စည်းများအား လမ်းနှင့် အံဝင်ခွင်ကျဖြစ်စေရန် နည်းပညာအရ စစ်ဆေးအသုံးပြုစေခြင်း (Engineering) ၊ ယာဉ်များအသုံးပြုမှုတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်း (Enveronment)၊ ယာဉ်အန္တရာယ်ဖြစ်ပေါ်ပါက အရေးပေါ်ရှေးဦး သူနာပြုစုခြင်းဖြင့် ဆေးဝါးအကာအကွယ်ပေး အသက်ကယ်ခြင်း (Emergency Medical Care)၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှုမရှိစေရန် ဥပဒေအရ တားမြစ်အရေးယူကြပ်မတ်ခြင်း (Enforcement) တို့ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း လမ်းအန္တရာယ်ဖြစ်ပွားမှုများကို သုတေသနပြုစစ်တမ်းကောက်ယူရာမှ ပေါ်ထွက်လာသည့် အချက်များအပေါ် သုံးသပ်လျက် လမ်းအန္တရာယ်ကာကွယ်လျှော့ချနိုင်ရေးအတွက် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ သာဓကအားဖြင့် နေပြည်တော်-ရန်ကုန်အဝေးပြေးကားလမ်းမကြီးတစ်လျှောက် ဖြစ်ပွားခဲ့သော လမ်းအန္တရာယ်များကို ကွင်းဆင်းစိစစ်လေ့လာခဲ့ရာ ယာဉ်တိုက်မှုများသည် ယာဉ်မောင်း၏ ပေါ့ဆမှုကြောင့် အများဆုံးဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအပိုင် မိုင်တိုင်၄၂နှင့် ၄၃အကြားတွင် အများဆုံးဖြစ်ကြောင်း၊ ရန်ကုန်မှ နေပြည်တော်သို့ အလာလမ်းကြောင်းတွင် ပိုမိုဖြစ်ပွားလေ့ရှိကြောင်း၊ နေ့ပိုင်းတွင် ပိုမိုဖြစ်ပွားလေ့ရှိကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ ထို့ကြောင့် လမ်းမကြီးတစ်လျှောက်လမ်းကွေ့များ၊ ကုန်းတက်ဆင်းများမောင်းနှင်ရမည့် သတ်မှတ်မိုင်နှုန်းများတို့ကို ပြသသည့် အချက်ပြ ဆိုင်းဘုတ်များ၊ လမ်းအမှတ်အသားများကိုလည်းကောင်း၊ အရှိန်လျှော့မောင်းနှင်ရန်အတွက် (Slow Down) များ၊ လမ်းအကာအရံများကိုလည်းကောင်း၊ လမ်းမကြီးတစ်လျှောက် လိုအပ်နေရာများတွင် ညကြည့်ရောင်ပြန်မီး(Cat Eye) များကိုလည်းကောင်း လိုအပ်သလို ဖြည့်စွက် တပ်ဆင်ဆောင်ရွက်ခဲ့သည်။ ယာဉ်တိုက်မှုဖြစ်ပွားရခြင်းများမှာ ယာဉ်မောင်းသင်တန်းမတက်ဖူးသူများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားမလည်သူများကြောင့် ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်မောင်းသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးသွားရန် စီမံဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ကာလတွင် လူသားတို့အား အနီးကပ်ဆုံးနှင့် အကြီးမားဆုံး ခြိမ်းခြောက်အန္တရာယ်ပေးနေသည့် ဖုံးကွယ်လူသတ်သမားသည် လမ်းအန္တရာယ်ဖြစ်သည်။ ထို့ကြောင့် လမ်းအန္တရာယ်တည်းဟူသော ဖုံးကွယ်လူသတ်သမားကြောင့် လူ့အသက်ပေါင်းများစွာ သေကျေ ကြရသည်သာမက နောက်ဆက်တွဲဖြစ်သော လူမှုရေး၊ စီးပွားရေး ဒုက္ခများပါ အကျိုးဆက်ကြီးစွာ ခံစားနေကြရသည်ကို အလေးအနက်ထား သတိပြုကြလျက် ဖုံးကွယ်လူသတ်သမားအား တားဆီးနိုင်ရေးအတွက် လူသားအားလုံး အသိကိုယ်စီဖြင့် ဝိုင်းဝန်းကာကွယ်သွားကြရန် လိုအပ်နေပြီဖြစ်ကြောင်း အသိပေးနှိုးဆော်လိုက်ရပေသည်။ ။

လွတ်လပ်ရေးနေ့ ဂုဏ်ပြု လမ်းတံတားများဖွင့်

ကျိုက်လတ်မြို့ အမှတ်(၃) ရပ်ကွက် ၅လမ်း ကတ္တရာလမ်းသစ်ကို ဇန်နဝါရီ ၃ရက်က ဖျာပုံခရိုင်ဥက္ကဋ္ဌ ဦးကျော်စိုးဝင်း၊ မြို့နယ်ဥက္ကဋ္ဌဦးအောင်သန်းဇော်နှင့် အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

စစ်တွေမြို့ အောင်ဇံဝေလမ်းကတ္တရာလမ်းသစ်ကို ဇန်နဝါရီ ၃ ရက်က စစ်တွေခရိုင်ဥက္ကဋ္ဌ ဦးမိုးဇော်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် လမ်းမတော်တောင်ရပ်ကွက် ဥက္ကဋ္ဌ ဦးစောရွှေတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြန်အောင်မြို့ အမှတ် (၃)ရပ်ကွက် လမ်းသစ်လမ်း ကတ္တရာလမ်းသစ်ကို ဇန်နဝါရီ ၄ ရက်က မြန်အောင်မြို့နယ်ဥက္ကဋ္ဌ ဦးအေးကြူ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် ရပ်မိရပ်ဖ ဦးအောင်မျိုးညွန့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပေါက်တောမြို့ အမှတ်(၃)ရပ်ကွက် ဧည့ဝတီလမ်းကျောက်ချောလမ်းကို ဒီဇင်ဘာ ၂၇ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် အမှုဆောင်အရာရှိ ဦးသာအေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

မောင်တောမြို့ မင်းရဲကျော်စွာလမ်း ကတ္တရာလမ်းကို ဒီဇင်ဘာ ၂၆ ရက်က မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဌေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပျော်ဘွယ်မြို့နယ်ရှိ အုတ်ခုံခံ သစ်သားတံတားကို ဒီဇင်ဘာ ၃၀ရက်က မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ကျေးရွာရပ်မိ ရပ်ဖ တစ်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

● **ရွှေဖုံးမှ**

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧည့်ပရိသတ်များနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် တိုင်းမှူးက တိုက်ကြီး-ဖောင်ကြီး-ပဲခူးကတ္တရာလမ်းသစ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ ကတ္တရာလမ်းပေါ်မှ ဖြတ်သန်းကြည့်ရှု၍ မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သော တိုက်ကြီး-ဖောင်ကြီး-ပဲခူးကတ္တရာလမ်းသစ်သည် စုစုပေါင်း ၄၂မိုင် ၇ဖာလုံ ရှည်လျားပြီး ပဲခူးရိုးမဖြတ်ကျော် လမ်းမကြီး ခုနစ်သွယ်၏ တောင်ဘက်အစွန်ဆုံးလမ်းဖြစ်ကာ တောင်မှ မြောက်သို့ရေတွက်ပါက တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ်မှာ ရိုးမဖြတ်ကျော်လမ်းများအနက် ပထမလမ်း ဖြစ်သည်။

တက်ရောက်

အလားတူ တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို နံနက်ပိုင်းတွင် အဆိုပါလမ်း မိုင်တိုင်အမှတ် (၄၂/၄)နှင့် (၄၂/၅) ကြားရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ မင်္ဂလာစည်တော် အကအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လမ်းသစ်ဖောက်လုပ်ပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က တိုက်ကြီး-ဖောင်ကြီး-ပဲခူးကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧည့်ပရိသတ်များနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ ထို့နောက် တိုင်းမှူးက တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ ကတ္တရာလမ်းသစ်ပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ဆက်သွယ်ဖောက်လုပ်

တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ်သည် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် အရှည် ၄၂မိုင် ၇ဖာလုံ ရှည်လျားသည့် ကတ္တရာလမ်းဖြစ်ပြီး မိုင်တိုင်အမှတ် (၀/၀) ရန်ကုန်-ပြည်လမ်း တိုက်ကြီးမြို့မှ စတင်ရာ ရိုးမတောင်ကုန်းငယ်များကို ဖြတ်ကျော်ကာ မိုင်တိုင်အမှတ် (၁၈/၀)မှ မိုင်တိုင်အမှတ် (၂၂/၃) အထိ လှည်းကူး-ဖောင်ကြီး လမ်းအပိုင်းနှင့် တစ်ထပ်တည်းကျလျက် မိုင်တိုင်အမှတ် (၄၂/၇) ရန်ကုန်-ပဲခူးလမ်းနှင့် ဆက်စပ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ လမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အဖွဲ့ ငါးဖွဲ့၊ ဆောက်လုပ်ရေးအထူးအဖွဲ့ ၁၀ ဖွဲ့နှင့် လမ်းအရည်အသွေးထိန်းသိမ်းရေးအဖွဲ့ လေးဖွဲ့ စုစုပေါင်း ၁၉ ဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

တိုင်းမှူးဗိုလ်မှူးချုပ်စိုးထွန်းနှင့် ဒုတိယဝန်ကြီး ဦးတင့်ဆွေတို့ တိုက်ကြီး-ဖောင်ကြီး-ပဲခူးကတ္တရာလမ်းသစ်ပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)



တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ်ကို လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။ (သတင်းစဉ်)

အောက်ပိုင်းဒေသများ၌ မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၈

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ဇန်နဝါရီ ၉ရက်ညနေအထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာဖွယ်ရာ ရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၁-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလာသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **ကိုယ့်တွက်ကိုယ့်တာကုသိုလ်ရှာ** တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိသာရ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃၀)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉၇)
၈:၃၅ သဘာဝဆေးစွမ်းထက်သော မြန်မာ့တပင်တိုင်မြနန်း
၈:၅၅ Best Paintings of the year 2010
၉:၂၀ Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဦးထွန်းလွင် (မိုးလေဝသပညာရှင်)]
၉:၅၅ ပြီးပြည့်စုံခြင်းများနှင့် Reto Coffee Machine
၁၀:၁၅ မြင်သုံးမြင်မှုထူးခြားရေးဟောင်း လက်ရာပစ္စည်းများ
၁၀:၂၅ ဗီဒီယိုပြခန်း
၁၀:၅၀ ဈေးဝယ်လမ်းညွှန် (Myanmar Book Centre)
၁၁:၁၅ Talent Show (နားဆင်ခံစားကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှဂီတသံစဉ်များ)
၁၁:၄၀ ဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် စုပေါင်းမဟာဘုံကထိန်
၁၁:၅၀ ရန်ကုန်မြင်ကွင်းကျယ် (REDLINK ရဲ့ Promotion ပွဲ)
၁၂:၀၀ ဟိုတယ်လမ်းညွှန် (HOTEL MAX Chaung Tha Beach)
၁၂:၅၀ **ပန်းချီပြခန်း** (ဂန္ထဝင်လက်ရာများ အထူးပန်းချီပြပွဲ)
၁:၀၀ **ကိုယ့်တွက်ကိုယ့်တာ ကုသိုလ်ရှာ** တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိသာရ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ စကားနပန်း **အထင်ကြီးတာကောင်းတယ်၊ အထင်မကြီးတာကောင်းတယ်**
၃:၂၅ Kid' s Show
၃:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉၇)
၄:၃၀ FMF Selection
၅:၀၅ ကျန်းမာလှပသွယ်လျဖို့ SMART GIRL ကိုသွားကြစို့
၅:၂၅ MRTV-4 ကာတွန်းအစီအစဉ်
၅:၅၀ 'ဝ'တာ တကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၂)
၆:၀၀ MRTV-4 သတင်း
၆:၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၇:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃၁)
၇:၄၀ ရန်ကုန်မြင်ကွင်းကျယ် (ခရစ္စမတ်အကြို မိသားစုပျော်ပွဲရွှင်ပွဲနှင့် အထူးအရောင်းမြှင့်ပွဲတော်ကြီး)
၈:၀၀ MRTV-4 သတင်း
၈:၃၀ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)
၉:၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၃၁)
၉:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ် (အပိုင်း-၉၈)**
၁၀:၀၀ **FA Cup (Leicester Vs Man City)**
၁၂:၀၀ ဆေးဖက်ဝင်…ဝင်ငွေတိုး… "ဝ"ဥပင်ကိုပျိုး
၁၂:၂၀ နယဥ်ဆန်းထွင်ပန်းအလှဆင် (ဒိုင်းမွန်းပုံပန်းအိုးထိုးနည်း)
၁၂:၅၀ **ကိုစိန်နှင့်ကိုယ်ဝန်ဆောင်မိခင်** စံလင်း၊ မျောက်ရှုံး၊ အေးအေးခိုင်၊ အေးသီတာ [ဒါရိုက်တာ-အောင်မိုး (ပဲရစ်)]
၁:၀၅ ဘဝများ (ဆုပန်ထွာ)
၁:၂၅ ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
၁:၃၀ Movie Mistakes (Spider Man)
၂:၀၀ **ရွှေဖြူ** ဟုခေါ်သည် (အပိုင်း-၂)
၂:၂၀ Shooting Location (ဦးမောင်မောင်ကြီးအိမ်)
၂:၄၅ နုပျိုလန်းဆန်းကျန်းမာဖို့ SG 2000 Ultrasonic Bubble Message Bath
၃:၁၀ နေထိုင်မှုဝင့်ကြွားအဆင့်မြင့် အိမ်ရာစီမံကိန်းများ (Naing Group)
၃:၄၀ အလှဆင်စရာပရိဘောဂကမ္ဘာ (ရွှေပင်ငွေပင်ဦးသန်းထွန်း ပရိဘောဂတိုက်)
၃:၅၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာချိုချိုမြင့်နှင့်တွေ့ဆုံခြင်း)
၄:၂၀ စဉ်ဆက်မပြတ်ထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာဂီတပညာ
၄:၃၅ ဆင်စွယ်ပန်းပုအခြေပြု လူ့လောကကိုအလှဆင်မည်

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၅၅	Man U-Liverpool	STAR SPORTS(Live)
၁၀:၀၀	Leicester City- Man City	STAR SPORTS(Live)

သန်လျင်မြို့ မူလွန်ကျိုက် အင်းကျောင်း၌ ဒီဇင်ဘာ ၂၄ရက်က ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းက သူငယ်တန်းတွင် ပထမဆုရရှိသော မောင်သော်ထက်အောင်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)



အမှာစကားပြောကြား

မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

◆ ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ပြင်ဦးလွင်တပ်နယ်မှူးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်က အမှာစကား ပြောကြားရာတွင် ရတနာပုံ နည်းပညာမြို့သစ်၌ ၂၀၁၀ခုနှစ်အတွင်း ခေတ်မီအင်တာနက်အိတ်ချိန်းသစ်၊အမျိုးသားအဆင့်ရတနာပုံ Web Portal နှင့် ရတနာပုံ နည်းပညာတက္ကသိုလ်များကို ဖွင့်လှစ်နိုင်ခဲ့ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်ကို သတင်းအချက်အလက် နည်းပညာဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၌ အထောက်အကူဖြစ်စေရန်၊ ပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ICT နည်းပညာဖြင့် ဖြည့်ဆည်းပေးနိုင်ရန်၊ ခေတ်မီနည်းပညာရပ်များကို ကမ္ဘာနှင့်အမီ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာနိုင်ရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် တိုင်းမှူးဗိုလ်မှူးချုပ်ရဲအောင်၊ ဝန်ကြီး ဦးသိန်းဇော်နှင့် မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန်တို့က နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြသ

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ရတနာပုံဆိုင်ဘာခန်းမအတွင်း ပြည်တွင်း ပြည်ပ ကုမ္ပဏီများက ခင်းကျင်းပြသထားသည့် ခေတ်မီ အဆင့်မြင့်အိုင်တီနည်းပညာပစ္စည်းများ၊ ရတနာပုံနည်းပညာမြို့သစ်၌ ရင်းနှီးမြှုပ်နှံကြသည့် ကုမ္ပဏီများမှ ထုတ်လုပ်သည့် အီလက်ထရွန်နစ်ပစ္စည်းများနှင့် ဆက်သွယ်ရေး ပစ္စည်းများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီများ၏ ဆက်သွယ်ရေး နည်းပညာပြခန်းများနှင့် e-cinema တို့ကို လှည့်လည်ကြည့်ရှုအားပေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပြသသွားမည်

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်ကို ဇန်နဝါရီ ၈ရက်မှ ၁၂ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး ပြည်တွင်းပြည်ပ ကုမ္ပဏီ ၂၆ခုတို့က ပြခန်းပေါင်း ၃၀ ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

ဆောင်ရွက်ပေး

အဆိုပါ ပွဲတော်ကာလ ငါးရက်အတွင်း ဖွင့်ပွဲအထိမ်းအမှတ်အနေဖြင့် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ အင်တာနက် အသုံးပြုနိုင်သော Mc Will စနစ်များကို လည်းကောင်း၊ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှ Mobile Applications Software များ၊ Web Hosting နှင့် .mm Domain Name များကိုလည်းကောင်း အသုံးပြုလိုသူများသို့ တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြခန်း၌ EVDO (CDMA သုံး Data စနစ်) သုံးစွဲလိုသည့် လက်ရှိ CDMA 800 MHz တယ်လီဖုန်းသုံးစွဲသူများအား One- Stop Service ဖြင့် ဝန်ဆောင်မှုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၁-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)မြဲမင်္ဂလာ
၈:၁၀ ၇။ တေးဂီတအစီအစဉ်
၈:၂၅ ၈။ **စည်းကမ်းလိုက်နာ ဘေးကင်းမှာ**
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ အကပြိုင်ပွဲ
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၆)
၁၂:၃၀ ၅။ Golf Magazine (TV)
၁၂:၅၀ ၆။ မြန်မာရုပ်ရှင် **မုန်းပါတယ်မောင်ကို** ဝင်းဦး၊အောင်လွင်၊ဖိုးပါကြီး၊ မြင့်မြင့်ခင်၊ချိုပြုံး၊တင်တင်မြ (ဒါရိုက်တာ-တင်ထွန်းနိုင်)
၁၄:၅၀ ၇။ International News
၁၅:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၅ ၃။ ဆောင်းပဒေသာ တီးကွက်ဆန်းများ
၄:၄၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (မြန်မာမှုပညာ အထူးပြု) (မြန်မာမှုပညာ)
၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၀ ၇။ **ကွန်ရက်သဖွယ် ဆက်သွယ်ထား မြန်မာ့မီးရထားလမ်းများ**
၅:၂၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း** (အပိုင်း-၅)
၆:၄၀ ၁၂။ တစ်မျက်နှာတစ်ကွက်စာ **မှည့်လွန်းသောပန်းသီးများ** မင်းဦး၊ဆုပန်ထွာ၊ပြည့်ဖြိုး၊ ဒေါ်ခင်ခင်ကြီး၊ဖြိုးပိုပို [ဒါရိုက်တာ-မေတင် (MM-G)]
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၁၃)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ကာတွန်းအစီအစဉ် **တောကောင်ငယ်သိုင်းညီနောင်လေးများ** (အပိုင်း-၉၀)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝမိုးတိမ်** (အပိုင်း-၂၆)
၁၉။ အစီအစဉ်ပြီး၏။

စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်လှစ်

လယ်ဝေး ဇန်နဝါရီ ၈

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာအုပ်စု ဝဲကြီးကျေးရွာ "ပညာရွှေတောင်" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်စာစောင်နှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်တွင် ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး (စီမံ)ဦးမောင်ဖေ၊ ညွှန်ကြားရေးမှူး(ပြန်/ဆက်) ဦးသန်းထွန်း၊ ခရိုင်ဦးစီးအရာရှိ ဦးအေးဖေ၊ မြို့နယ်ဦးစီးမှူး ဦးကိုကိုကြီး၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်၊ ကျေးရွာဥက္ကဋ္ဌနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

စိုက်ထူလှူဒါန်း

အခမ်းအနားတွင် ညွှန်ကြားရေးမှူး(စီမံ)၊ ညွှန်ကြားရေးမှူး(ပြန်/ဆက်)၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး စေတနာရှင်အလှူရှင်များက စာအုပ်စာစောင်နှင့် ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းကြသည်။

အဆိုပါစာကြည့်တိုက်အဆောက်အအုံသစ်အား ညွှန်ကြားရေးမှူး ဦးမောင်ဖေ၊ ခရိုင်ဦးစီးအရာရှိ ဦးအေးဖေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** စာကြည့်တိုက်သည် (၂၄×၁၆)ပေ သွပ်မိုး၊ အုတ်နံကပ် တစ်ထပ်အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်မတည်ငွေ၊ ခရိုင်ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောက်လုပ်ခဲ့ရာ စုစုပေါင်း ကျပ် ၂၃သိန်း ကုန်ကျခဲ့သည်။

(သတင်းစဉ်)

ပြည်မြို့နယ် အလက(၃)ကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက်က လူငယ့်အားမာန်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးအဆင့် သချင်္ချာစွမ်းရည်ပြိုင်ပွဲ တတိယဆုရ ပဉ္စမတန်းမှ မောင်မင်းသစ်ထွန်းအား ကျောင်းအုပ်ဆရာကြီး ဦးသိန်းအောင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

AD ဒစ်ဂျစ်တယ် ရွှေရည်စစ်စက် ရန်ကုန် ကုန်စည်ပြပွဲ၌ ပါဝင်ပြသ

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူး၍ Living With Technology Expo-2011 ,Yangon ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၈ရက်မှ ၁၀ရက်အထိ ပြသလျက်ရှိရာ စင်ထွာဒစ်ဂျစ်တယ် ကတ္တားနှင့် AD အမှတ်တံဆိပ် ဒစ်ဂျစ်တယ် ရွှေရည်စစ်စက်တို့လည်း ပါဝင်ပြသလျက်ရှိသည်။

ရောင်းချ

စင်ထွာဒစ်ဂျစ်တယ် ကတ္တားမှ ပွဲရုံလုပ်ငန်းသုံး၊ ကုန်စုံဆိုင်သုံး၊ စားသောက်ဆိုင်သုံး ကတ္တားငယ်များ၊ ကားချိန်ကတ္တားကြီးများကို ပြသရောင်းချလျက်ရှိသည်။ ထို့ပြင် AD အမှတ်တံဆိပ် ဒစ်ဂျစ်တယ် ရွှေရည်စစ်စက်ကိုလည်း ပြသရောင်းချပေးလျက်ရှိသည်။ ရွှေရည်စစ်စက်မှာ ကျပ်၊ ပဲ၊ ရွေး စနစ်ဖြင့် ဖော်ပြနိုင်သည်။ ရွှေ၏အရည်ကို ကရက်၊ သိပ်သည်းဆ၊ ပဲရည်စသည်ဖြင့် တိကျစွာ ဖော်ပြပေးနိုင်သည်။ AD အမှတ်တံဆိပ် ဒစ်ဂျစ်တယ်ရွှေရည်စစ်စက်သည် ရွှေထည်ပစ္စည်းတစ်ခုတွင် ပါဝင်သော ရွှေပါဝင်မှုရာခိုင်နှုန်းကို မြန်မာ့စံပဲရည်ဖြင့် တိကျစွာ စစ်ဆေးပေးနိုင်သည်။ အဆိုပါစက်မှာ ငွေကျပ် ၁၈သိန်း တန်ဖိုးရှိသည့် စင်ထွာဒစ်ဂျစ်တယ် ကတ္တားနှင့် AD အမှတ်တံဆိပ် ဒစ်ဂျစ်တယ် ရွှေရည်စစ်စက်တို့ကို ပြပွဲကာလအတွင်း ဝယ်ယူပါက Discount ဖြင့် ရောင်းချပေးလျက်ရှိသည်။ **(အောက်ပုံ)**

ဆက်သွယ်မှာယူနိုင်

ထို့ပြင် အရောင်းပြခန်းဖြစ်သည့် အမှတ် ၇၁ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၇၃၀၄၀၇၃၀၊ ၀၉-၅၅၂၂၁၂၃၊ ၀၉-၅၁၄၃၂၅၄၊ ၀၂-၉၁၀၀၀၇၁၄ တို့တွင်လည်း ဆက်သွယ်မှာယူနိုင်သည်။ **(သတင်းစဉ်)**

KNU အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်ကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၈

ကရင်ပြည်နယ် ဖာပွန်မြို့ အမှတ်(၂)ရပ်ကွက်နေ ဦးရဲလင်းသည် ကျွဲ၊ နွားများ လွှတ်ကျောင်းရန် ဇန်နဝါရီ ၆ရက် နံနက် ၇နာရီခွဲခန့်တွင် အနောက်ဘက်ကမ်း ကျေးရွာသို့ သွားရောက်စဉ် မြို့၏ အနောက်မြောက်ဘက် ကိုက် ၂၀၀ ခန့်အကွာ လူသွားလမ်းဘေး၌ အိုဆိုဆပ်ပြာဘူးတစ်ဘူးကို တွေ့ရှိသဖြင့် ကောက်ယူကြည့်ရာ ပေါက်ကွဲမှုဖြစ်ပွားပြီး ယာလက်ကောက်ဝတ်ပြတ် ယာပခုံးစုတ်ပြဲပြီး မျက်နှာအရေပြား စုတ်ပြဲဒဏ်ရာရရှိခဲ့သည်။

ကူညီဆောင်ရွက်

အဆိုပါ ပလတ်စတစ်ဆပ်ပြာဘူးမှာ KNU အကြမ်းဖက်သောင်းကျန်းသူများက ပြည်သူများ သေကျေဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ထားသော ဒေသန္တရလုပ် မိုင်းဖြစ်ကြောင်း သိရှိရပြီး ဒဏ်ရာရလူနာအား ဖာပွန်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက် တာဝန်ရှိသူတို့က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၉-၁-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
၁၁:၀၅ ၄။ အဖွင့်သီချင်း
၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၃၀ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၂၀)
၁၁:၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **(၆)နှစ်တာအချစ်ခရီးလမ်း**
၁၂:၃၀ ၈။ ကျန်းမာသုတ
၁၄:၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၃၁)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၂၀ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၄:၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၈။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၄:၄၅ ၉။ မြန်မာ့ရှုခင်း
၄:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၂၀ ၁၁။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ ဘဝကြေးမုံ **ကောင်းကင်ချစ်ခြင်းလမင်းသံစဉ်** ပြေဇင်၊ ယမင်းထွေး၊ ဒေါ်ခင်ခင်ကြီး (ဒါရိုက်တာ-အာယု)
၆:၅၀ ၁၅။ ဂင်းနက်စ် ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း-၂၆)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ လျှပ်တစ်ပြက်
၂၂။ ကျန်းမာသုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းသမားခုနစ်ဖော်** (အပိုင်း-၃၄)
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၁၈)
၂၆။ အစီအစဉ်ပြီး၏။

ကြီးအုံကြီး၀ ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် Power House နှင့် မြေသားလုပ်ငန်းကို ဤသို့စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်ခဲ့ကြသည်။

❖ *ကျော့ဖုံးမှ*

ကြီးအုံကြီး၀ ရေလှောင်တမံ ဘက်စုံစီမံကိန်း အကောင်အထည်ဖော်ရခြင်း၏ အဓိကရည်ရွယ်ချက်သည် မုန်းချောင်းရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားအတွက်ထုတ်လွှတ်လိုက်သောရေများနှင့် ရေလှောင်တမံ နှစ်ခုအကြားမှစီးဆင်းနေသော ရေများကို စုပေါင်းသိုလှောင်၍ ရေအားလျှပ်စစ် ၇၄မဂ္ဂါ၀ပ် ထပ်မံထုတ်လွှတ်နိုင်ရေး၊ သိုလှောင်ပြီးရေများကို ထိန်းညှိထုတ်လွှတ်ပေး၍ လက်ရှိတည်ဆောက်ပြီးသော မဲဇလီရေလွှဲဆည်မှတစ်ဆင့် လယ်မြေဧက ၉၆၇၇၇ဧကကို မိုးစပါးအတွက် ရေအလုံအလောက် ပေးဝေနိုင်ရေး၊ သီးထပ်အဖြစ် နွေစပါး၇၄၀၀၇ဧကထက် ပိုမိုတိုးချဲ့ ရေပေးဝေနိုင်ရေးနှင့်ဒေသအတွင်း စိမ်းလန်းစိုပြည်လာစေရေးတို့အတွက် ဖြစ်သည်။

ကြီးအုံကြီး၀ ရေလှောင်တမံ ဘက်စုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တမံနှင့်ဆက်နွှယ်နေသော အဆောက်အအုံများတည်ဆောက်ခြင်းနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းများ အားလုံးကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

မိမိတို့ သတင်းအဖွဲ့သည် မင်းဘူးမြို့ ဆည်မြောင်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးရုံးမှ မင်းဘူး-အမ်းလမ်းအတိုင်း ထွက်ခွာလာခဲ့ပြီး ပုသိမ်- မုံရွာလမ်းမကြီးအတိုင်း ထပ်မံလာခဲ့ရာ ၅၅မိုင်အရောက် အနောက်ဘက်ရှစ်မိုင်ခွဲ ၀င်ရောက်လာပါက ကြီးအုံကြီး၀ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ရောက်ရှိခဲ့ကြသည်။

ရေလှောင်တမံ စီမံကိန်းနယ်မြေတွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)မှ ဒုတိယညွှန်ကြားရေးမှူးဦးမြင့်၊ ဦးစီးအရာရှိ ဦးသိန်းမြင့်နှင့် ဦးသောင်းမြင့်တို့ကို တွေ့ဆုံခဲ့ပြီး တည်ဆောက်ရေး လုပ်ငန်းများကို ကွင်းဆင်းလေ့လာခဲ့သည်။ တမံ၏ ရေဆင်းဧရိယာ ၁၉၅၉ စတုရန်းမိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှစီး၀င်ရေ ဧကပေ ၄၆၀၀၀၀၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၄၆၃၀၀၀၊ ကန်ရေသေ ရေလှောင်ပမာဏမှာ ဧကပေ ၃၅၃၅၀၊ ကန်ရေပြည့်ရေပြင်ကျယ်မှာ ဧက၁၀၈၆၀ ရှိကြောင်း သိရှိရသည်။ တမံအမျိုးအစားသည် ဇုန်တမံအမျိုးအစားဖြစ်ပြီး အလျား ပေ ၃၂၈၀၊ အမြင့် ၁၆၄ပေရှိကာ ရေစိမ့်တား ကွန်ကရစ်နံရံ အလျား ၈၈၅ပေ၊ အနက် ၅၁ပေ၊ ရေလွှဲတူးမြောင်း အလျား ပေ၄၃၀၀၊ အကျယ် ပေ၁၃၀ ရှိသည်။ ရေပိုလွှဲအမျိုးအစား သံကူကွန်ကရစ်(Ogee Type)၊ အလျားမှာ ပေ၁၁၀၀၊ အကျယ် ၃၂၆ပေနှင့် ဒီဇိုင်းရေထုစီးနှုန်း ကုဗပေ/စက္ကန့် ၁၄၃၃၀၀ ရှိကြောင်း သိရသည်။ ရေအားလျှပ်စစ် တပ်ဆင်အင်အားသည် ၃၇ မဂ္ဂါ၀ပ်×နှစ်လုံးဖြင့် စုစုပေါင်း ၇၄မဂ္ဂါ၀ပ်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှထုတ်လုပ်မည့် လျှပ်စစ်စွမ်းအားမှာ စုစုပေါင်း ကီလို၀ပ်နာရီ သန်းပေါင်း ၃၇၀ဖြစ်ကြောင်း သိရသည်။

ကြီးအုံကြီး၀ရေလှောင်တမံဘက်စုံစီမံကိန်းတွင် Intake အဆောက်အအုံလုပ်ငန်းကို ဤသို့ဆောင်ရွက်ခဲ့ကြသည်။

တမံစီမံကိန်းမှာ ၂၀၁၁ခုနှစ်အတွင်း ပြီးစီးရန် ခန့်မှန်းထားကြောင်း၊ ယခုအခါ ၈၀ရာခိုင်နှုန်းနီးပါး ပြီးစီးနေပြီးဖြစ်ကြောင်း သိရသည်။

မုန်းချောင်း၏ လက်ဝဲဘက်ကမ်းနှင့် လက်ယာဘက်ကမ်း နှစ်ဖက်လုံးမှ၀င်နိုင်ရန် ချဉ်းကပ်လမ်းနှစ်လမ်း ဖောက်လုပ်ခဲ့ကြပြီး လက်ယာဘက် အ၀င်လမ်း၈ဒသမ၅မိုင်နှင့် လက်ဝဲဘက် အ၀င်လမ်း ၇ဒသမ၅မိုင်ရှိသည်။ ကြီးအုံကြီး၀ရေလှောင်တမံ တည်ဆောက်မည့်နေရာတွင် ရေစိမ့်ယိုမှုမှကာကွယ်ရန် အလျား ၈၈၅ပေ၊ အနက်၅၁ပေနှင့်ဒု ၂ပေရှိ ကွန်ကရစ်နံရံကြီးကို T.M.W စက်ဖြင့် တည်ဆောက်ထားသည်။

တမံတည်ဆောက်ခြင်းကာလတွင် မုန်းချောင်းအတွင်း ရေကိုလွှဲထုတ်ရန် အလျား ပေ၄၃၀၀၊ အကျယ် ပေ ၁၃၀ရှိ ရေလွှဲမြောင်းဖောက်ခြင်းကို ၂၀၀၅ခုနှစ် ဧပြီ ၂ရက်က ပြီးစီးခဲ့သည်။ ပင်မတမံ တည်ဆောက်ခြင်းကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၇ရက်က ချောင်းညာဘက်ကမ်းမှ စတင် ဆောင်ရွက်ခဲ့ပြီး ပင်မတမံ ချောင်းပိုင်းမြေဖို့ခြင်း လုပ်ငန်းကို ၂၀၀၆ခုနှစ် ဒီဇင်ဘာလက တည်ဆောက်ပြီးစီးခဲ့ သည်။ ရေပိုလွှဲကို တည်ဆောက်ရာတွင် မြေကြီးလုပ်ငန်းကို ၉၁ ဒသမ ၃၅ ရာခိုင်နှုန်းနှင့် ကွန်ကရစ်လုပ်ငန်းတွင် ၅၁ဒသမ ၀၈ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ရေပိုလွှဲသည်အလျား ပေ ၁၁၀၀၊ အကျယ်၃၂၆ပေရှိသည်။

ကြီးအုံကြီး၀ ရေလှောင်တမံ ဘက်စုံစီမံကိန်းကြီးသည် များမကြာသောကာလအတွင်း ပြီးစီးတော့မည်ဖြစ်ရာ ထိန်းညှိလွှတ်ပေးထားသော စိုက်ပျိုးရေများ၏ကျေးဇူးကြောင့် မကွေးတိုင်းဒေသကြီး အနောက်ဘက်ဒေသများ စိုက်ပျိုးဧကတိုးတက်လာပြီး လျှပ်စစ်ဓာတ်အား ပိုမိုရရှိကာ ဒေသတစ်ခွင် ပိုမိုစိမ်းလန်းစည်ပင်ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၃၀ရက်က ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာ၌ ဘောလုံးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပရာ ကျေးရွာ ဥက္ကဋ္ဌ ဦးဝင်းမြင့်အောင်နှင့်အတူ ဘောလုံးအားကစားသမားများကို တွေ့ရစဉ်။ (၁၈၃)

အစိုးရဌာနပိုင်မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွက်

(၉-၁-၂၀၁၁)ရက်နေ့ နှင့် (၃၀-၁-၂၀၁၁)ရက်နေ့

ဖလားဝါးနယူးစ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၈

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇)အမှတ်(၂)၌ ကားနှင့် ဆက်စပ်ပစ္စည်းများ အရစ်ကျစနစ်ဖြင့် ရောင်းမည်၊ ကမ္ဘာ့ပထမဦးဆုံး ဆေးပညာမဟာဘွဲ့တက်ရောက်နိုင်၊ အမြွာရုပ်အတူဆုံးပြိုင်ပွဲ ပထမဆုံးကျင်းပမည်၊ မြန်မာအလုပ်သမားများ EPS အရ ကိုရီးယားသို့ စတင်သွားရောက်ခွင့်ရပြီ၊ မော်တော်ယာဉ်စီးနင်းသူများအားလုံး ခါးပတ်တပ်ဆင်ရမည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းရန်စီစဉ် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ အယ်ဒီတာ့ထံပေးစာ၊ နိုင်ငံ့အရေးဟူသည်၊ အတိုဝတ်မှ ခေတ်မီမှာလား၊ သူတစ်ပါးအပြစ်နှင့် မိမိနှလုံးအိမ်၊ သူယုတ်မာစစ်တမ်း၊ မြို့ကြီးများကိုကာကွယ်ဖို့ ရေအရင်းအမြစ်များ ထိန်းသိမ်းစို့ကဲ့သို့သော ဖတ်စရာ မှတ်စရာ သတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

“ပြဿနာတွေကို ဖြေရှင်းမယ်ဆိုရင်…” အများပြည်သူဆိုင်ရာ မူဝါဒရေးရာ ပညာရှင်ရောဘတ်ကလစ်ဂတ်နှင့် စထရိတ်တိုင်းမ်သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ပါရှားနှင့် အာရေဗီးယားတို့ သဘောထားကွဲလွဲမှု၊ ဆော်ဒီတွင် အစ္စရေးစပိုင်ဖမ်းမိ၊ အရှေ့တောင်အာရှမှ စတော့ရှယ်ယာရောင်းဝယ်ရာဌာနများ တစ်ဟုန်ထိုး တိုးတက်လာ၊ ၂၀၁၀ရဲ့ အထူးဆုံးတွေထဲက အထူးဆန်းဆုံး၊ တစ်ဂဏန်းတွေနဲ့ လူဖြစ်လာတဲ့ ကလေး၊ ဩစတြေးလျနိုင်ငံ ရေလွှမ်းမှု သေဆုံးသူအရေအတွက် တိုးပွား၊ အိန္ဒိယနှင့်ပါကစ္စတန် နျူကလီးယားတည့်နေရာစာရင်း အပြန်အလှန်ဖလှယ်၊ **“သဲကန္တာရမှာ မိုးရွာတော့မှာလား”** အာဗူဒါဘီရှိ အာဏာပိုင်တို့က သိပ္ပံပညာရှင်များကို ငှားရမ်းကာ ၎င်းတို့ဒေသတွင် မိုးရွာသွန်းစေရန် ဖန်တီး၊ ရုတ်တရက် အအေးဓာတ် လွန်ကဲနေသော်လည်း ကမ္ဘာကြီးပူနွေးမှု ပျောက်ကွယ်သွားမည်မဟုတ် စသည့်နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် **e-Empire Media House** မှ မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

အာစရိယပူဇော်ကြမည်

မြို့ပြအင်ဂျင်နီယာ (၁၉၇၄-၁၉၈၀)

ရန်ကုန်စက်မှုတက္ကသိုလ်သို့ ၁၉၇၄ ခုနှစ်တွင် ဝင်ခွင့်ရပြီး (မည်သည့်ခုနှစ်တွင် ဘွဲ့ရသည်ဖြစ်စေ)၊ ၁၉၈၀ပြည့်နှစ် ဘွဲ့ရပြီး (မည်သည့်ခုနှစ်တွင် ဝင်ခွင့်ရသည်ဖြစ်စေ) မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်တွေ့ဆုံပွဲကို ဇန်နဝါရီ ၁၅ရက် (စနေနေ့)ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် M-3 Food Centre၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက်တက်ရောက် ပူဇော်ကန်တော့ကြရန်နှင့် ပူဇော်ပွဲနှင့်ပတ်သက်၍ ဝင်းနိုင် ဖုန်း-၀၉-၈၆၂၂၄၈၆၊ ဗိုလ်မှူးခင်မောင်ရွှေ(ငြိမ်း) ဖုန်း-၀၉-၅၁၈၉၁၇၁၊ ကျော်ရွှေ ဖုန်း-၀၉-၅၁၆၉၈၉၄၊ တင်မောင်ထွေး ဖုန်း-၀၉-၅၁၁၂၅၆၄နှင့် မီမီထွန်း ဖုန်း-၀၉-၅၁၃၅၆၉၀ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၀ခုနှစ် သင်းလုံးကျွတ်အစည်းအဝေးပွဲကို ဇန်နဝါရီ ၂၃ရက် နံနက် ၉နာရီတွင် စံပြ ဖ.ဆ.ပ.လ ရပ်ကွက် (သာသနာ့ဟိတကာရီမွှာရုံ) မင်္ဂလာတောင်ညွန့်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းမဝင်ရသေးသော မြို့နယ်သားများလည်း မပျက်မကွက်တက်ရောက်ကြရန်နှင့် အသက်(၇၅)နှစ်နှင့်အထက် အသင်းသားများနှင့်၎င်းတို့၏ မိဘဘိုးဘွားများ အမည်စာရင်းနှင့်အသင်းဝင်များ၏ သားသမီးများထဲမှ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရသူများစာရင်းကို ကျောင်းအုပ်ကြီး သို့မဟုတ် စာစစ်အဖွဲ့ထောက်ခံချက်ဖြင့် ဇန်နဝါရီ ၁၄ရက် နောက်ဆုံးထား၍ ဆရာကြီးဦးထွန်း ဖုန်း-၀၁-၃၈၇၅၃၄၊ ၀၉-၈၀၃၀၇၃၄၊ ဦးငွေအောင် ဖုန်း-၀၁-၂၉၇၈၇၆၊ ဦးကြိုင်အေး ဖုန်း-၀၁-၂၁၇၀၀၃၊ ဦးသွေးမြင့် ဖုန်း-၀၁-၅၈၀၆၁၈၊ ဒေါ်ခင်လေးမြင့် ဖုန်း-၀၁-၆၅၃၆၅၃၊ Ext း၈၆၀၉၊ ၀၉-၅၀၇၇၈၀၃ နှင့် ဒေါ်ခင်အေးဆွေ ဖုန်း-၀၁-၆၈၁၄၆၇ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ရွှေဂွန်းအထက

ရွှေဂွန်းအထက ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၂၃ရက် (တနင်္ဂနွေနေ့)တွင် ကျောင်း၏ခွဲကပင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းတွင်တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့် ဆရာ၊ ဆရာမကြီးများအားလုံးအား ပူဇော်ကန်တော့မည်ဖြစ်ပြီး ယခင်နှစ်ပူဇော်ကန်တော့ပွဲများတွင် ပါဝင်ခြင်းမရှိသေးသည့် ဆရာ၊ ဆရာမကြီးများ ဆက်သွယ်ရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မည်သူမဆို ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေ ထည့်ဝင်လိုသူများသည် ဒေါ်မိုးပုလဲစိုး(ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၅၈-၄၅၈၈၈၊ ဒေါက်တာတင်ဝင်းကျော် ဖုန်း-၀၉-၈၇၂၅၆၄၆၊ ဦးတင်ဖေ-ဒေါ်မြင့်ရီ ဖုန်း-၀၉-၈၇၃၀၉၄၄၊ ဦးဖိုးလုံး-ဒေါ်ကျင်လွှမ်း ဖုန်း-၀၉-၈၇၃၀၁၂၅(ရွှေဂွန်း)၊ ဖုန်း-၀၉-၅၆၆၀၆၁၃(ဘားအံ)၊ ဒေါ်စောနွဲ့(ရန်ကုန်) ဖုန်း-၀၉-၅၁၈၃၁၂၄၊ ဦးတင်အေး(ရန်ကုန်)ဖုန်း-၀၉-၅၀၈၂၀၀၉ နှင့် ဦးမောင်ကြီး(ရန်ကုန်)ဖုန်း-၀၁-၅၆၉၅၄၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဘူမိဗေဒကျောင်းသားဟောင်းများ

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ၁၉၈၁ ခုနှစ် ဘူမိဗေဒကျောင်းသားများ၏ နှစ်၃၀ပြည့်(ပုလဲရတု)နှင့် စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၅ရက်(စနေနေ့)တွင် အမှတ်(၁၆၄/၁၆၈)ဝါးတန်းလမ်း Doreen Burger and Snacks ၌ နံနက် ၉နာရီတွင်ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုသူများသည် စိုးညီညီ ဖုန်း-၀၉-၅၀၁၉၆၄၃၊ ဇော်ဝင်းဦး ဖုန်း-၀၉-၈၃၀၄၄၄၅၊၀၉-၅၄၅၄၄၄၅၊ ဗလကြီး ဖုန်း-၀၉-၈၀၂၂၁၁၁၊ ရဲမြတ်စိုး ဖုန်း-၀၉-၅၀၁၈၆၂၅၊ ကိုညွန့် ဖုန်း-၀၁-၇၂၅၇၃၆၊ မော်စီ ဖုန်း-၀၉-၅၄၁၄၂၈၈၊စောမြင့် ဖုန်း-၀၉-၅၁၀၇၉၃၀၊ ဝင်းမော်(ကုလားကြီး) ဖုန်း-၀၉-၅၁၇၃၀၈၀နှင့်မျိုးညွန့်(မူတူး) ဖုန်း-၀၉-၂၀၄၂၄၅၄ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

ဆကာကြီးအသင်း (ရန်ကုန်)

ဆကာကြီးအသင်း (ရန်ကုန်)၏အကြိမ် (၄၀)မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၇ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက်ဝင်းအတွင်းရှိ ဂန္ဓကုဋီတိုက်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် အသက်(၈၀)ပြည့်နှင့်အထက် အသင်းဝင်များ၊ အသင်းဝင် မိသားစုများ၊ တက္ကသိုလ်ပါရဂူဘွဲ့ရ ဆကာကြီးနယ်သူ နယ်သားများနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ဆကာကြီးနယ်သူနယ်သားများသည် အမှတ်စာရင်းများကို ဖေဖော်ဝါရီ ၂၀ရက်နောက်ဆုံးထား၍ ပေးပို့ကြပြီး လှူဒါန်းလိုသူများသည် နာယက ဦးအောင်မိုးဇော် ဖုန်း-၇၃၀-၇၆၈၀၈၊ နာယက ဦးကြည်ထူး ဖုန်း-၅၅၅၆၈၅၊ ဥက္ကဋ္ဌ ဦးကျော်မြင့် ဖုန်း-၅၁၈၁၃၂၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည် ဖုန်း- ၂၉၁၁၆၉၊ အတွင်းရေးမှူး ဦးအေးကြူ (ဆကာကြီးအေးကြူ) ဖုန်း-၅၀၁၄၈၄၊ တွဲဖက်အတွင်းရေးမှူး ဒေါ်မီမီခင်ခင်ကြီး ဖုန်း-၅၄၂၂၆၅၊ ဦးအောင်မြင့် ဖုန်း-၂၂၇၉၁၂၊ ဦးတင်ဦး ဖုန်း-၇၃၀-၄၃၂၂၃နှင့် ဘဏ္ဍာရေးမှူး ဦးစံဝင်း ဖုန်း-၅၁၀၅၈၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်း(MD. ခနအောင်ကုမ္ပဏီ)အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၁)ဖြင့် **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ် ထပ်မံချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် လိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ဦးတင်ဝင်း-ဒေါက်တာချိုချိုခင်
သား-အာကာဖြိုးမိသားစု။



ဒေါ်ပုံ အထက(၁) မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၈

ဒေါ်ပုံမြို့နယ် အထက(၁) ကျောင်းသားဟောင်းများ၏ (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၆ရက် မွန်းတည့် ၁၂နာရီတွင် အထက(၁) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ (၂၁၁)

ဆေးတက္ကသိုလ်(၁) ၁၉၆၉-၇၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ၏ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ၊ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ

ဆေးတက္ကသိုလ်(၁) ၁၉၆၉-၇၆ ပညာသင်နှစ် ကျောင်းသားကျောင်းသူများ၏ ဆေးပညာတွဲ့ရသည့် (၃၅)နှစ်မြောက် ကျောက်စိမ်းရတုသဘင် အထိမ်းအမှတ်ပွဲများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အဆိုပါ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

၁။ ၁၅-၁-၂၀၁၁ရက် (စနေနေ့) နံနက် ၉နာရီမှ နံနက်၁၁နာရီအထိ	တရားတော်နာ၊ ဆွမ်းဆက်ကပ် လှူဒါန်းပွဲ	မင်းကွန်းတိပိဋကနိကာယ ကျောင်းတော်ကြီး၊ ရွှေရတုမင်္ဂလာခန်းမ၊ အမှတ်(၁၆)စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
၂။ ၁၆-၁-၂၀၁၁ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီမှ နံနက်၁၁နာရီအထိ	မြတ်ဆရာပူဇော်ပွဲ	ကရဝိက်နန်းတော်ခန်းမ
၃။ ၁၆-၁-၂၀၁၁ရက်(တနင်္ဂနွေနေ့) ညနေ ၆နာရီမှ ည၁၀နာရီအထိ	မိတ်ဆုံညစာစားပွဲ (Complimentary Dinner for Classmates)	ကုန်သည်ကြီးများဟိုတယ်

အထိမ်းအမှတ်ပွဲများ ဖြစ်မြောက်ရေးအဖွဲ့။

ဆက်သွယ်ရမည့် သူငယ်ချင်းများနှင့် ဖုန်းနံပါတ်များ-

ဒေါက်တာရဲထွဋ် ဖုန်း-၀၁-၆၅၅၉၃၂၊၀၁-၃၈၀၁၂၉၊
ဒေါက်တာရဲတင့်လွင် ဖုန်း-၀၁-၃၈၀၁၂၈၊၀၉-၅၁-၃၆၇၀၂၊ဒေါက်တာ မောင်မောင်ခင် ဖုန်း-၀၉-၂၀၀၁၅၉၂၊
ဒေါက်တာ ခင်သန်းအေး ဖုန်း-၀၁-၅၁၀၂၈၃၊၀၉-၈၀၁၁၉၂၂။
ဒေါက်တာ နှင်းနှင်းဝေ ဖုန်း-၀၁-၂၂၆၂၇၇၊၀၉-၅၁-၅၃၃၁၅၊ ဒေါက်တာသီတာသိန်းရွှေ ဖုန်း-၀၁-၃၈၆၈၄၁၊ ၀၉-၅၁-၀၄၁၅၈၊ ဒေါက်တာခိုင်ခိုင်ဇင် ဖုန်း-၀၁-၆၆၃၅၈၇၊ ၀၉-၅၁-၅၉၆၈၇။

မှတ်တမ်းတင်ဂုဏ်ပြုခြင်း

၃-၁-၂၀၁၁ရက် နေပြည်တော်၌ကျင်းပပြုလုပ်သော ၂၀၁၀-၂၀၁၁ ပညာသင်နှစ်၏ ပညာရေးစုံညီပွဲတော် ထူးချွန်ဆုပေးပွဲအခမ်းအနားတွင် ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း(ရန်ကင်း TTC)၏ ဂုဏ်ကိုမြှင့်တင်ပေးခဲ့သည့်

- ဗဟိုအဆင့်အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ အဋ္ဌမတန်း ပထမဆုရ-မရဲရင့်
- ဗဟိုအဆင့်အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ သတ္တမတန်း ပထမဆုရ-မောင်မင်းသန့်
- ပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းများအဆင့် မြန်မာနှင့် နိုင်ငံတကာဆက်ဆံရေးထုံးဓလေ့တတ်ကျွမ်းမှုပြိုင်ပွဲ ပထမဆုရ-မကြည်စင်ရှန်းဆွေတို့နှင့် ကြိုးကြပ်သင်ကြားလေ့ကျင့်ပေးခဲ့သည့် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများအားလုံးတို့အား လိုက်လှဲစွာ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

မိဘဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့
ရန်ကင်းပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲကျင်းပ

မိတ္ထီလာ ဇန်နဝါရီ ၈

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် မီနီမာရသွန်ပြိုင်ပွဲကို ဇန်နဝါရီ ၈ရက်က မိတ္ထီလာမြို့နယ်၌ကျင်းပရာ မီနီမာရသွန်ပြိုင်ပွဲကို မိတ္ထီလာမြို့နယ် သဲကုန်းကျေးရွာမှ ဗိုလ်ချုပ်ပန်းခြံအထိ ခုနစ်မိုင်ကျင်းပခဲ့ပြီး ဆုရရှိသူများကို သုခထီလာဆေးရုံနှင့် ရှုဝံသောက်ရေသန့်တို့က ဆုများချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုရ ရန်မျိုးအောင်အသင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေ ကလည်းကောင်း**(အောက်ပုံ)**၊ ဒုတိယဆုရ သီရိမင်္ဂလာအသင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်အောင်ကလည်းကောင်း၊တတိယဆုရ ပြည်သာယာမြောက်အသင်းအား ခရိုင်အားကစားမှူး ဦးမောင်မောင်ညွန့်ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မူးယစ်ကင်းစင် အလုဆင်

အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ် အာဆင်နယ်တို့ အိမ်ကွင်း၌ သရေပွဲဖြစ်

မောင်ချစ်ကြည် ➢ ရေးသားသည်

လန်ဒန် ဇန်နဝါရီ ၈

အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်များကို ဇန်နဝါရီ ၈ရက်က ယှဉ်ပြိုင်ကစားရာ အာဆင်နယ်နှင့် လိဒ်ယူနိုက်တက်တို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

အာဆင်နယ်နှင့် လိဒ်ယူနိုက်တက်

အာဆင်နယ်တို့ အက်ဖ်အေဖလား သိမ်းပိုက်နိုင်ရေးအတွက် တိုက်စစ်တွင် ချာမက်၊ ဘင့်တနာတို့အတွဲဖြင့် တင်ကစားခဲ့ပြီး ဒီနယ်ဆင်၊ ဆောင်း၊ အာရှာဗင်၊ ရိုဆစ်စကီးတို့ကို ကွင်းလယ်တွင်အပြည့်ထား ကစားစေခဲ့သည်။

အဖွင့်ဂိုးရရှိ

လိဒ်ယူနိုက်တက်အသင်းကလည်း ဆန်ချက်ဇ်၊ ဘတ်ချီရို၊ အက်နိုဂရက်စ်တို့ တိုက်စစ်အတွဲဖြင့် အာဆင်နယ်ကို ရင်ဆိုင်ခဲ့သည်။ အာဆင်နယ်တို့ ဖိကစားနိုင်သော်လည်း ပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့ချေ။ ဒုတိယပိုင်းတွင် အာဆင်နယ်တို့ ဆက်လက် ဖိကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၅၄ မိနစ်၌ လိဒ်ယူနိုက်တက်က ပယ်နယ်တီပြစ်ဒဏ်ဘောရရှိခဲ့ရာ ခနိုဂရက်စ်က သွင်းယူခဲ့သဖြင့် လိဒ်ယူနိုက်တက်တို့ အဖွင့်ဂိုး ရရှိခဲ့သည်။ အာဆင်နယ်တို့ ဒုတိယပိုင်းတွင် ဖာဘရီဂတ်စ်နှင့် ဝေါလ်ကော့သ်တို့ကို အစားထိုးကစားခဲ့ရာ ကစားကွက် စီးထားနိုင်ခဲ့သော်လည်း အပိုင်ကန်သွင်းခွင့်မရရှိဘဲ ဖြစ်ခဲ့သည်။

အာဆင်နယ် တိုက်စစ်မှူး အာရှာဗင်(လယ်) ဤသို့ ဂိုးသွင်းရန် ကြိုးစားခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

အာဆင်နယ်တို့ ချေပဂိုးရရှိရေးနေရာစုံမှ ထိုးဖောက်ကစားခဲ့သော်လည်း လိဒ်ယူနိုက်တက် နောက်ခံလူများနှင့် ဂိုးသမားတို့ ဟန့်တားကာကွယ်နိုင်မှုကြောင့် ဂိုးမသွင်းနိုင်ခဲ့သလို အာရှာဗင်၊ ဖာဘရီဂတ်စ်၊ ဝေါလ်ကော့သ်တို့ ကန်သွင်းချက်များ မသေချာခဲ့သဖြင့် ဂိုးမရရှိခဲ့ချေ။ သို့သော် ပွဲချိန်မိနစ် ၉၀၌ အာဆင်နယ်တို့ ပယ်နယ်တီရရှိခဲ့ရာ ဖာဘရီဂတ်စ် ကန်သွင်းယူခဲ့သဖြင့် တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့သည်။

အခြားပွဲရလဒ်

မီလ်ဝေါလ် ၁-၄ ဘာမင်ဂမ်

အာရှဖလားဘောလုံးပွဲရလဒ်

ကူဝိတ် ၀-၂ တရုတ်

(အင်တာနက်)

အောင်ဆန်းသူရိယ လှသောင်းကျော်း အထက(၂) မင်္ဂလာဒုံ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်ဆန်းသူရိယ လှသောင်းကျောင်း အထက(၂)မင်္ဂလာဒုံတွင် ၁၉၇၂ ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော အသက် ၆၀နှင့်အထက် ဆရာ ဆရာမကြီး ၈၀တို့အား ကျောင်းသားကျောင်းသူဟောင်း များက (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောင်ဆန်းသူရိယ လှသောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့ပြ(ငွေလုံးငွေရင်း) လုပ်ငန်းဖြစ်သော အောင်သပြေလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်အေးထွေး ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သော SKY NET ရုပ်သံလိုင်းများအတွက် ဒေသဆိုင်ရာစီးပွားဖက် Regional Service Partner (RSP)များ၏ မြို့နယ်များအလိုက် စာရင်း

(ယမန်နေ့မှအဆက်)

စဉ်	ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်	RSP အမည်	ဆိုင်အမည် RSPလိပ်စာ၊ ဖုန်းနံပါတ်
	(၃) ပုလော	ဦးစိုးဝင်း	ဦးစိုးဝင်း HIFI Ph:059-51500
	(၄) တနင်္သာရီ	ဦးစိုးဝင်း	ဦးစိုးဝင်း HIFI Ph:059-51500
	(၅) ရေဖြူ	ဦးစိုးဝင်း	ဦးစိုးဝင်း HIFI Ph:059-51500
	(၆) ထားဝယ်	ဦးစိုးဝင်း	ဦးစိုးဝင်း HIFI အမှတ် (၁၂)၊ ဗိုလ်ချုပ်လမ်း၊ တလိုင်းမရပ်၊ ထားဝယ်မြို့။ Ph:059-22177
	(၇) သရက်ချောင်း	ဦးစိုးဝင်း	ဦးစိုးဝင်း HIFI Ph:059-51500
	(၈) လောင်းလုံ	ဦးစိုးဝင်း	ဦးစိုးဝင်း HIFI Ph:059-51500
	(၉) မြိတ် ကျွန်းစု	ဦးစိုးဝင်း	ဦးစိုးဝင်း HIFI အမှတ်(၃)၊ စကားဝါလမ်း၊ မြစ်ငယ်ရပ်၊ မြိတ်မြို့။ Ph:059-41836, 095-51500
(၇)	(ဆ) ပဲခူးတိုင်းဒေသကြီး		
	(၁) သာယာဝတီ	ဦးထွန်းအောင်	Insight Technologies Services Co, Ltd ဗိုလ်ချုပ်လမ်း၊ ဈေးရပ်ကွက်၊ သုံးဆယ်မြို့။ Ph:0953-72333, 0950-69504
	(၂) လက်ပံတန်း	ဦးထွန်းအောင်	Insight Technologies Services Co, Ltd စိန်စံပယ်ဦးရုပ်ရှင်ရုံအောက်၊ လမ်းမတော်(၁)လမ်း၊ မြို့မရပ်ကွက်၊ လက်ပံတန်းမြို့နယ်။ Ph:0953-72333, 0950-69504
	(၃) တောင်ငူ	ဦးကျော်စိုး၊	ဦးကျော်တင့်လွင် (၁၆/၈၅) ဗိုလ်မှူးဖိုးကွန်းလမ်း၊ တောင်ငူမြို့။ Ph:0920-38878,0963-01082
	(၄) ရေတာရှည်	ဦးကျော်စိုး၊ ဦးကျော်တင့်လွင်	ဟိုင်းဝေးစတားကဖီး အမှတ်(၃)ရပ်ကွက်၊ ရေတာရှည်မြို့ Ph:054-80439,054-80194
	(၅) ဖြူး	ဦးကျော်စိုး၊ ဦးကျော်တင့်လွင်	အမှတ်(၃)၊ ပဲခူးလမ်းမြောက်ပိုင်းမြို့မအရှေ့ရပ်ကွက်၊ ဖြူးမြို့ Ph:054-40692
	(၆) ထန်းတပင်	ဦးကျော်စိုး၊ ဦးကျော်တင့်လွင်	Ph:067-26811, 0949-208732
	(၇) အုတ်တွင်း	ဦးကျော်စိုး၊ ဦးကျော်တင့်လွင်	Ph:067-26811, 0949-208732
	(၈) သနပ်ပင်	"စိန်ဟင်း" လျှပ်စစ်နှင့်စတိုး	"စိန်ဟင်း" လျှပ်စစ်နှင့်စတိုး Ph:052-50168
	(၉) ဝေါ	"စိန်ဟင်း" လျှပ်စစ်နှင့်စတိုး	"စိန်ဟင်း" လျှပ်စစ်နှင့်စတိုး Ph:052-50168
	(၁၀) ဒိုက်ဦး	"စိန်ဟင်း" လျှပ်စစ်နှင့်စတိုး	"စိန်ဟင်း" လျှပ်စစ်နှင့်စတိုး Ph:052-50168
	(၁၁) ညောင်လေးပင်	"စိန်ဟင်း" လျှပ်စစ်နှင့်စတိုး	"ဒေါ်ကျင်တီ"လျှပ်စစ်ပစ္စည်းဆိုင် အမှတ်(၇)၊ မန္တလေးလမ်း၊ ညောင်လေးပင်မြို့၊ Ph:052-50168
	(၁၂) ကဝ	"စိန်ဟင်း"လျှပ်စစ်နှင့်စတိုး	Ph:052-50168
	(၁၃) ကျောက်တံခါး	"စိန်ဟင်း"လျှပ်စစ်နှင့်စတိုး	ဦးဆိုနာပတီ"ရန်ကုန်"နာရီဆိုင် သရဖီလမ်း၊ ဈေးပိုင်းရပ်ကွက်၊ ကျောက်တံခါးမြို့နယ်၊ Ph:054-60253, 0950-68847
	(၁၄) ပဲခူး	"စိန်ဟင်း"လျှပ်စစ်နှင့်စတိုး	"စိန်ဟင်း"လျှပ်စစ်နှင့်စတိုး အမှတ်(၇)၊ မင်းလမ်း၊ ပန်းလှိုင်၊ ပဲခူးမြို့ Ph:052-23677, 052-23679, 052-24294
	(၁၅) ရွှေကျင်	ဦးသိန်းသန်းထွန်း	"သိန်းသန်း"ဂြိုဟ်တုစလောင်းနှင့် ကုန်စုံဆိုင် ညဈေးလမ်း၊ ကျောက်တိုင်အနီး၊ ရွှေကျင်၊ Ph:052-42228, 0963-12206
	(၁၆) ပြည်	ဦးအေးဝင်း	အာကာဝင်း တိုက်(၂)၊ အခန်း(၅)၊ မီးရထားတိုက်ခန်း၊ ပြည်-ရန်ကုန်လမ်း၊ ပြည်မြို့၊ Ph:053-27765, 0949-501946,053-26319, 053-25061
	(၁၇) ပန်းတောင်း	ဦးအေးဝင်း	You & I Tea (ကိုစိုးမင်းထိုက်-ဥသျှစ်ပင်) Ph:053-42056
	(၁၈) ရွှေတောင်	ဦးအေးဝင်း	အာကာဝင်း Ph:053-27765, 0949-501946, 053-26319, 053-25061
	(၁၉) ပေါင်းတည်	ဦးအေးဝင်း	DK Electronic (မယမင်းစံ) Ph:053-38192, 053-38540
	(၂၀) သဲကုန်း	ဦးအေးဝင်း	ကိုဟာစံ အမှတ်(၁)၊ သဲကုန်းမြို့၊ Ph:053-62083
	(၂၁) ပေါက်ခေါင်း	ဦးအေးဝင်း	အာကာဝင်း Ph:053-27765, 0949-501946, 053-26319, 053-25061
	(၂၂) နတ္တလင်း	ဒေါ်သီတာဝင်း	"ထိပ်တန်းတော်ဝင်"စတိုး တာပွန်လမ်း၊ မြို့မရပ်ကွက်၊ နတ္တလင်းမြို့ Ph:053-36415,053-25061,051-26319
	(၂၃) ဇီးကုန်း	ဒေါ်သီတာဝင်း	"သရဖူ" စတိုး ဦးတင်လှ၊ ကုန်သည်လမ်း၊ ဇီးကုန်းမြို့၊ Ph:053-34152
(၈)	(ဈ) ကချင်ပြည်နယ်		
	(၁) ဆော့လော်	ဦးဖိုးတူး	ကိုဖိုးတူး (New Mobile) Ph:074-70626, 0964-14141, 0947-011991
	(၂) နောင်မွန်း	ဦးဖိုးတူး	ကိုဖိုးတူး (NewMobile)Ph:074-70626, 0964-14141, 0947-011991
	(၃) ဆွမ်ပရာဘွမ်	ဦးဖိုးတူး	ကိုဖိုးတူး (NewMobile) Ph:074-70626, 0964-14141, 0947-011991
	(၄) မချမ်းဘော	ဦးဖိုးတူး	ကိုဖိုးတူး(NewMobile) Ph:074-70626, 0964-14141, 0947-011991
	(၅) အင်ဂျန်းယန်	ဦးဖိုးတူး	ကိုဖိုးတူး (NewMobile) Ph:074-70626, 0964-14141, 0947-011991
	(၆) ခေါင်လန်ဖူး	ဦးဖိုးတူး	ကိုဖိုးတူး(NewMobile) Ph:074-70626, 0964-14141, 0947-011991
	(၇) တနိုင်း	ဦးဖိုးတူး	ကိုဖိုးတူး (NewMobile) Ph:074-70626, 0964-14141, 0947-011991
	(၈) ချီဖွေ	ဦးဖိုးတူး	ကိုဖိုးတူး (New Mobile) Ph:074-70626, 0964-14141, 0947-011991
	(၉) မိုးမောက်	ဦးဖိုးတူး	ကိုဖိုးတူး (New Mobile) Ph:074-70626, 0964-14141, 0947-011991
	(၁၀) ရွှေကူ	ဦးဖိုးတူး	ကိုဖိုးတူး (NewMobile) Ph:074-70626, 0964-14141, 0947-011991
	(၁၁) ပူတာအို	ဦးဖိုးတူး	ကိုဖိုးတူး (New Mobile) Ph:074-70626, 0964-14141, 0947-011991
	(၁၂) မန်စီ	ဦးဖိုးတူး	ကိုဖိုးတူး (NewMobile) Ph:074-70626, 0964-14141, 0947-011991
	(၁၃) ဝိုင်းမော်	ဦးဖိုးတူး	ကိုဖိုးတူး (NewMobile) Ph:074-70626, 0964-14141, 0947-011991
	(၁၄) ဖားကန့်	ဦးဖိုးတူး	ကိုဖိုးတူး(NewMobile) ကိုဖိုးတူး(New Mobile)အမှတ်(၁၅၈)၊ မြို့မ၊ဖားကန့်မြို့၊Ph:074-70626,0964-14141,0947-011991 အမှတ်(B-123)၊ မရှိကထောင်ရပ်ကွက်၊ ဘေလီတံတားထိပ်၊ ဖားကန့်မြို့
	(၁၅) ဗန်းမော်	ဦးဖိုးတူး	ကိုဖိုးတူး (NewMobile) Ph:074-70626, 0964-14141, 0947-011991
	(၁၆) မိုးကောင်း	ဦးဖိုးတူး	ကိုဖိုးတူး (NewMobile) Ph:074-70626, 0964-14141, 0947-011991
	(၁၇) မိုးညှင်း	ဦးဖိုးတူး	ကိုဖိုးတူး (New Mobile) Ph:074-70626, 0964-14141, 0947-011991
	(၁၈) မြစ်ကြီးနား	ဦးဖိုးတူး	ကိုဖိုးတူး (New Mobile) Ph:074-70626, 0964-14141, 0947-011991
(၉)	(ဍ) ကရင်ပြည်နယ်		
	(၁) သံတောင်ကြီး	ဦးမျိုးဝင်း	ဦးမျိုးဝင်း(ရွှေဘုန်းဆည်) Ph:058-22484, 058-22459, 0949-770484
	(၂) ဖာပွန်	ဦးမျိုးဝင်း	ဦးမျိုးဝင်း(ရွှေဘုန်းဆည်)Ph:058-22484, 058-22459, 0949-770484
	(၃) မြဝတီ	ဦးမျိုးဝင်း	"ဟန်လင်းအောင်" အမှတ်(၁၂၃)၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ်(၄)ရပ်၊ မြို့သစ်ရပ်ကွက်၊ မြဝတီ၊ (ဘုရင့်နောင်ဈေးကြီးအနီး) Ph:058- 50061-0956-61299
	(၄) ကြာအင်းဆိပ်ကြီး	ဦးမျိုးဝင်း	ကိုဇော်ဝင်းသိန်း၊ မစိုးစိုးစံသီတာလမ်းထိပ်၊ အမှတ်(၅)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီးမြို့၊ Ph:058-60108
	(၅) လှိုင်းဘွဲ့	ဦးမျိုးဝင်း၊ကိုမြင့်စိုး	ဦးမျိုးဝင်း၊ကိုမြင့်စိုး အမှတ်(၅၈)၊ ကုန်သည်လမ်း၊(က)ရပ်ကွက်၊ လှိုင်းဘွဲ့မြို့၊ Ph:058-45655, 0987-31002
	(၆) ကော့ကရိတ်	ဦးမျိုးဝင်း	ဦးကျော်လှိုင် အမှတ်(၂)၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၆)ရပ် ကော့ကရိတ်၊ Ph:058-40215
	(၇) ဘားအံ	ဦးမျိုးဝင်း	ဦးမျိုးဝင်း(ရွှေဘုန်းဆည်) (၄/၄၂၃)၊ သုခနေလမ်း၊ ဘားအံမြို့ Ph:058-22484, 058-22459, 0949-770484 ဦးမျိုးဝင်း(ရွှေဘုန်းဆည်) (၂/၁၄၁)၊ သစ္စာလမ်း၊ ဘားအံမြို့၊ Ph: 058-21635, 058-22318, 058-22419
(၁၀)	(ည) ချင်းပြည်နယ်		
	(၁) ပလက်ဝ	ဦးလှစိန်မောင်(Super Het)	Ph:0985-02660
	(၂) ဟားခါး	ဦးနီလျှံဆန်း (TSO) ကိုအောင်အောင် (ဒဂုန်)	သစ္စာဦးကွန်ပျူတာ၊ဒဂုံနာရီနှင့် အီလက်ထရွန်နစ် Ph:073-21836, 073-21448, 0964-72956, 0947-073256
	(၃) တီးတိန်	ဦးနီလျှံဆန်း(TSO) ကိုအောင်အောင် (ဒဂုန်)	သစ္စာဦးကွန်ပျူတာ၊ ဒဂုံနာရီနှင့်အီလက်ထရွန်နစ်Ph:073-21836, 073-21448, 0964-72956, 0947-073256
	(၄) ဖလမ်း	ဦးနီလျှံဆန်း(TSO) ကိုအောင်အောင် (ဒဂုန်)	သစ္စာဦးကွန်ပျူတာ၊ ဒဂုံနာရီနှင့်အီလက်ထရွန်နစ် Ph:073-21836, 073-21448, 0964-72956, 0947-073256
	(၅) ထန်တလန်	ဦးနီလျှံဆန်း(TSO) ကိုအောင်အောင်(ဒဂုန်)	သစ္စာဦးကွန်ပျူတာ၊ ဒဂုံနာရီနှင့်အီလက်ထရွန်နစ် Ph:073-21836, 073-21448, 0964-72956, 0947-073256
(၁၁)	(ဋ) မွန်ပြည်နယ်		
	(၁) ရေး	ဦးအောင်မိုးကျော်	"ဟိန်း"လျှပ်စစ် အမှတ်(၁၁)၊ ဘုရင့်နောင်လမ်း၊ ရန်ကြီးအောင်ရပ်ကွက်၊ ရေးမြို့၊ Ph:0949-802675 "ရွှေစင်ကျော်"ရေခဲစက် ရေး-အစင်လမ်းမကြီး၊ အစင်ကျေးရွာ၊ Ph:057-50312, 057-50313, 0987-27323
	(၂) ကျိုက်ထို	ဦးအောင်မိုးကျော်	"ဦးရပ်ပါး"စတိုး အမှတ်(၄၅)၊ သီတာလမ်း၊ မြောက်ပိုင်းရပ်ကွက်၊ ကျိုက်ထိုမြို့၊ Ph:057-60160, 057-60037
	(၃) သံဖြူဇရပ်	ဦးအောင်မိုးကျော်	"စံချိန်မီ"အီလက်ထရွန်နစ်စတိုး အမှတ်(၆၈)၊ ဗိုလ်နေဝင်းလမ်း၊ ကျောင်းပိုင်းရပ်ကွက်၊ အမှတ်(ဇ/၁၂၊ ၁၃၊ ၁၄)၊ မြို့မဈေးကြီး၊ သံဖြူဇရပ်မြို့။ Ph:057-79104, 057-79468
	(၄) ဘီးလင်း	ဦးအောင်မိုးကျော်	"ရွှေလမင်း"စတိုး ဘီရပ်ကွက်၊ ကျွန်းတောလမ်း၊ ဘီးလင်းမြို့နယ်။ Ph:0949-826563,057-64635,057-64022
	(၅) ချောင်းဆုံ	ဦးအောင်မိုးကျော်	"အားသစ်" စတိုး အနောက်ရပ်ကွက်၊ ချောင်းဆုံမြို့။ Ph:057-80237
	(၆) မုဒုံ	ဦးအောင်မိုးကျော်	"ကိုကျော်ရွှေ"စတိုး အမှတ်(၁၃၈)၊ မော်-သံလမ်း၊ လမ်းမကြီးရပ်၊ မုဒုံမြို့။ Ph:057-70308,057-70378 မတောက်နေပြာ အမှတ်(၁၂၉)၊ မော်-သံလမ်း၊ လမ်းမကြီးရပ်၊ မုဒုံမြို့။ Ph:0949-826826
	(၇) ကျိုက်မရော	ဦးအောင်မိုးကျော်	Ph:057-21265,057-24366,0949-815980
	(၈) သထုံ	ဦးအောင်မိုးကျော်	ဦးကျော်စွာလွင် အမှတ်(၃၇)၊ လမ်းမတန်း၊ ဘင်လှိုင်ရပ်ကွက် သထုံမြို့။Ph:057-41032,057-40603,0987-00111
	(၉) ပေါင်	ဦးအောင်မိုးကျော်	ဦးကိုကြီး အမှတ်(၂၅၂)၊ စည်ပင်သာယာလမ်း၊ ကဒါရပ်ကွက်၊ မြို့မဈေးကြီး၊ ပေါင်မြို့။ Ph:057-47252
	(၁၀) မော်လမြိုင်	ဦးအောင်မိုးကျော်	Show Room အမှတ်(၁၃၅)၊ အောက်လမ်းမကြီး၊ ဖက်တန်းရပ်၊ မော်လမြိုင်မြို့။ Ph:057-21265,057-24366, 0949-815980 "ကျော်"လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး အမှတ်(၂၁၁)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့။ Ph:057-25446,057-25448,057-26446
(၁၂)	(ဌ) ရခိုင်ပြည်နယ်		
	(၁) မြေပုံ	ဦးလှစိန်မောင် (Super Het)	Ph:0985-02660
	(၂) ပုဏ္ဏားကျွန်း	ဦးလှစိန်မောင်(Super Het)	"လွင်"အီလက်ထရွန်နစ် လွင်(ကိုအောင်ကျော်သိန်း) အီလက်ထရွန်နစ်၊ ပုဏ္ဏားကျွန်းမြို့။ Ph:0949-670854,0949-668916
	(၃) ရသေ့တောင်	ဦးလှစိန်မောင် (Super Het)	"စူပါဟက်"အီလက်ထရွန်နစ် ကိုမောင်အေးလှိုင်၊ စူပါဟက် အီလက်ထရောနစ်၊ ရသေ့တောင်မြို့။ Ph:0985-02660
	(၄) ပေါက်တော	ဦးလှစိန်မောင် (Super Het)	Ph:0985-02660
	(၅) မင်းပြား	ဦးလှစိန်မောင် (Super Het)	Ph:0985-02660
	(၆) ကျောက်တော်	ဦးလှစိန်မောင် (Super Het)	"ငုဝါခိုင်"အီလက်ထရွန်နစ် ငုဝါခိုင်အီလက်ထရွန်နစ်၊ ကျောက်တော်မြို့ Ph:0985-32178,0985-32245,0949-670777
	(၇) မြောက်ဦး	ဦးလှစိန်မောင် (Super Het)	"ကိုအောင်သန်း"အီလက်ထရွန်နစ် ကိုအောင်သန်းအီလက်ထရွန်နစ်၊ မြောက်ဦးမြို့။Ph:0949-670506
	(၈) စစ်တွေ	ဦးလှစိန်မောင်(Super Het)	ဦးလှစိန်မောင်(Super Het) လမ်းမကြီး(၁၄၀)၊ အမှတ်(၁) ရဲစခန်းရှေ့၊မောလိပ်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ Ph:0985-00998,0956-80687,043-23264 0985-02225, 0949-660088,043-23264
	(၉) ဘူးသီးတောင်	ဦးလှစိန်မောင်(Super Het)	"အောင်"အီလက်ထရွန်နစ် ကိုရွှေသိန်း(အောင်)အီလက်ထရွန်နစ်၊ ဘူးသီးတောင်မြို့။ Ph:0949-658028, 0949-670784
	(၁၀) မောင်တော	ဦးလှစိန်မောင်(Super Het)	"ဖြိုးပြည့်လျှံ"အီလက်ထရွန်နစ် ဖြိုးပြည့်လျှံ အီလက်ထရွန်နစ်၊ မောင်တောမြို့။ Ph:0985-20065, 0949-658065 "ဝင်းသစ်"အီလက်ထရွန်နစ်၊ ဝင်းသစ်အီလက်ထရွန်နစ်၊မောင်းတောမြို့ Ph:0985-00968,0949-658447,0949-658029
(၁၃)	(ဍ) ရှမ်းပြည်နယ်(တောင်ပိုင်း)		
	(၁) ကလော	ဦးညီသူရ	ကြယ်တံခွန်၊ ပြည်ထောင်စုလမ်း၊ အထူးကျောက်တိုင်အနီး၊ အောင်ပန်း၊ Ph:0949357048, 09-5280262 ပြည်တော်အေး၊ ကမ္ဘောဇဘဏ်အရှေ့၊ အောင်ပန်း၊ Ph:089-30435
	(၂) မိုင်းပန်	ဦးညီသူရ	Ph:0949-254888,081-206565
	(၃) မိုးနဲ	ဦးညီသူရ	ကိုစိုးငယ်၊ အမှတ်(၇၇)၊ နောင်ကျော့ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ မိုးနဲမြို့၊ Ph:095214703
	(၄) ကျေးသီး	ဦးညီသူရ	East Boy Engineering

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှအဆက်

စဉ်	ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်	RSP အမည်	ဆိုင်အမည် RSPလိပ်စာ၊ ဖုန်းနံပါတ်
	(၅) မောက်မယ်	ဦးညီသူရ	လှိုင်မင်းထက်၊ နိဗ္ဗာန်လမ်းဆုံ၊ ငွေပင်စံတည်းခိုခန်း၊ မောက်မယ်မြို့၊ Ph:095841783
	(၆) ကွန်ဟိန်း	ဦးညီသူရ	Ph:0949-254888, 081-206565
	(၇) လဲချား	ဦးညီသူရ	Ph:0949-254888, 081-206565
	(၈) လင်းခေး	ဦးညီသူရ	Ph:0949-254888, 081-206565
	(၉) မိုင်းရှူး	ဦးညီသူရ	Ph:0949-254888, 081-206565
	(၁၀) လွိုင်လင်	ဦးညီသူရ	ဒေါ်ထွေးကြည်၊ တ/၁၅၊ ဗောဓိလမ်း၊ ရပ်ကွက်(၄)၊ လွိုင်လင်မြို့၊ Ph:089-30110, 30118, 0949291420 စိုင်းအောင်ပွင့်၊ အခန်း(၃၆၊ ၃၇)၊ ဈေးရှေ့တိုက်တန်း၊ ပင်လုံမြို့၊ လွိုင်လင်၊ Ph:081-30435
	(၁၁) မိုင်းကိုင်	ဦးညီသူရ	East Boy Engineering Ph.09 49-254888, 081-206565
	(၁၂) နမ့်ဆန်	ဦးညီသူရ	ကိုစိုးလင်း၊ 'Internet Eletric', မင်းလမ်း၊ နမ့်စန်မြို့ Ph:081-80405
	(၁၃) ပင်းတယ	ဦးညီသူရ	ကိုဝတုတ်၊ 'ကိုဝတုတ် အီလက်ထရွန်နစ်'(ဈေးတောင်ဘက်)၊ Ph:081-68185, 081-66350, 0940239567
	(၁၄) ဖယ်ခုံ	ဦးညီသူရ	Ph:0949-254888, 081-206565
	(၁၅) ရွာငံ	ဦးညီသူရ	ကိုအောင်ဖေ၊ ရှိုင်းလျှပ်စစ်ပစ္စည်းနှင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ မန္တလေး(ကွက်သစ်)ရပ်ကွက်၊ Ph:098854124
	(၁၆) ပင်လောင်း	ဦးညီသူရ	စိုင်းမျိုးဝင်းကျော်၊ 'ဝိုင်းဝိုင်းလည်'စတိုး၊ မင်းလမ်းမကြီး၊ ပင်လောင်း၊ Ph:081-54065, ရွှေပိတောက် Ph:081-84500
	(၁၇) ရပ်စောက်	ဦးညီသူရ	ဦးဝင်းနိုင်၊ အခန်း(၅)၊ ဈေးတန်းရပ်ကွက်၊ လှိုင်းတေးသံသွင်း၊ ဗထူးလမ်း၊ ရပ်စောက်၊ Ph:081-204144
	(၁၈) ဆီဆိုင်	ဦးညီသူရ	Ph:0949-254888, 081-206565
	(၁၉) ဟိုပုံး	ဦးညီသူရ	စိုင်းညွှန့်လင်းဗိုလ်၊ တခ-၃၊ ပြည်ထောင်စုလမ်း၊ ဘုံခမ်းရပ်ကွက်၊ ဟိုပုံးမြို့၊ Ph:081-46219
	(၂၀) ညောင်ရွှေ	ဦးညီသူရ	ရွှေနဂါး၊ ဗိုလ်ချုပ်လမ်းမကြီး၊ ဈေးအနီး၊ Ph:081-209783 0952150981, 49360845
	(၂၁) တောင်ကြီး	ဦးညီသူရ	တင်မောင်ဆွေ၊ မြတ်လေးလမ်း၊ ကမ္ဘောဇဘဏ်တောင်ဘက်၊ တောင်ကြီးမြို့၊ Ph:081-21931 စင်ဒရဲလား(လ/၉၂)၊ ဗိုလ်ချုပ်လမ်း၊ လမ်းမတော်ရပ်၊ တောင်ကြီးမြို့၊ Ph:081-22502, 081-200188
(၁၄)	**(ဃ) ရှမ်းပြည်နယ်(အရှေ့ပိုင်း)**		
	(၁) ကျိုင်းတုံ	ဦးအောင်ခင်	အမှတ်(၄)၊ ကျိုင်းငမ်း၊ (၂)လမ်း၊ ကျိုင်းတုံ။ Ph:084-21227,0952-50668
	(၂) တာချီလိတ်	ဦးအောင်ခင်	(၂/၈၂)၊ မကာဟိုခမ်းရပ်ကွက်။(နှင်းဆီတည်းခိုခန်းဝင်းအတွင်း) Ph:084-52988,0952-40868
	(၃) မိုင်းယန်း	ဦးအောင်ခင်	Ph:084-21227,0952-50668
	(၄) မိုင်းတုံ	ဦးအောင်ခင်	Ph:084-21227,0952-50668
	(၅) မိုင်းဖြတ်	ဦးအောင်ခင်	Ph:084-21227,0952-50668
	(၆) မိုင်းယောင်း	ဦးအောင်ခင်	Ph:084-21227,0952-50668
	(၇) မိုင်းဆတ်	ဦးအောင်ခင်	Ph:084-21227,0952-50668
	(၈) မိုင်းခတ်	ဦးအောင်ခင်	Ph:084-21227,0952-50668
	(၉) မိုင်းပျင်း	ဦးအောင်ခင်	(ဈ/၅၅)၊ တမာလမ်း၊ အောက်ဈေးတန်းရပ်ကွက်။ Ph:084-70076,084-70094
(၁၅)	**(င) ရှမ်းပြည်နယ်(မြောက်ပိုင်း)**		
	(၁) မိုင်းမော	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ် (Thida Aye Group) ရထိုက်စတိုး Ph:082-25279,0947-302231,0952-60279,0947-302279
	(၂) နားဖန်း	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ် (Thida Aye Group) ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၃) ဟိုပန်	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ် (Thida Aye Group) ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279

စဉ်	ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်	RSP အမည်	ဆိုင်အမည် RSPလိပ်စာ၊ ဖုန်းနံပါတ်
	(၄) ပန်ဆန်း	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၅) ပန်ဝိုင်း	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၆) မန်တုံ	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၇) မဘိမ်း	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၈) ကွမ်းလုံ	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၉) နမ္မတူ	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၁၀) နမ့်ဆန်	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၁၁) မိုင်းရယ်	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၁၂) သိန်းနီ	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၁၃) ကုန်းကြမ်း	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၁၄) မိုးမိတ်	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၁၅) လောက်ကိုင်	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၁၆) ကွတ်ခိုင်	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၁၇) မူဆယ်	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0952-60279,0947-318133 ရထိုက်စတိုး ဦးမိုးသူ "လပြည့်ဝန်း"အီလက်ထရွန်နစ်စင်တာ
	(၁၈) နမ့်ခမ်း	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၁၉) နောင်ချို	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၂၀) သီပေါ	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး "Eagle"စတိုး Ph;082-25279,0952-60279,082-40188
	(၂၁) ကျောက်မဲ	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး "Eagle"စတိုး Ph;082-25279,0952-60279,082-40188
	(၂၂) တန့်ယန်း	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၂၃) လားရှိုး	ဦးထွန်းလှိုင်	"ထွန်းလှိုင်"အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး ဗိုလ်ချုပ်လမ်း၊ ရပ်ကွက်(၂)၊ လားရှိုးမြို့။ Ph;082-25279,0947-302231,0952-60279,0947-302279,082-23527
(၁၆)	**(တ) ကယားပြည်နယ်**		
	(၁) လွိုင်ကော်	ဦးကျော်မင်းအောင်	Techno World၊ မင်း(၁၀)၊ ကန္တာရဝတီလမ်း၊ လွိုင်ကော်။ Ph:083-21230, 083-21666
	(၂) ဘော်လခဲ	ဦးကျော်မင်းအောင်	Ph:083-21230, 083-21666
	(၃) မဲဆယ်	ဦးကျော်မင်းအောင်	Ph-083-21230, 083-21666
	(၄) ရှားတော	ဦးကျော်မင်းအောင်	Ph-083-21230, 083-21666
	(၅) ဖားဆောင်း	ဦးကျော်မင်းအောင်	Ph-083-21230, 083-21666
	(၆) ဖရူးဆို	ဦးကျော်မင်းအောင်	Ph-083-21230, 083-21666
	(၇) ဒီမောဆို	ဦးကျော်မင်းအောင်	Ph-083-21230, 083-21666

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၈၇၉၇ Zong Shen 125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင်ဝင်း ၉/ပဥလ(နိုင်)၀၁၇၁၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၃၄၆၄၇ Yinxtang Yx 110 ယာဉ်လက်ဝယ်ရှိသူ ဦးဌေးမော် WDN-၁၀၁၅၉၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းဒေသကြီးတရားရုံး၊ ၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၁၀၆၃

မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်း **နှင့်** ဦးထူးအောင်ခိုင်ညို
ဖွံ့ဖြိုးရေးဘဏ်လီမိတက်[၎င်း၏ကိုယ်စားလှယ်
ဒုတိယဗိုလ်မှူးကြီး ထင်အောင်(ငြိမ်း)]

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၄)ရပ်ကွက်၊ အမှတ် (၁၀/တောင်)၊ ရေနံ့အရာရှိရိပ်သာတွင်နေထိုင်ခဲ့ဖူးသူ (ယခုနေရပ်လိပ်စာမသိ) ဦးထူးအောင်ခိုင်ညိုသိစေရမည်။

သင့်အပေါ် တရားလိုဘဏ်က ဩဒီမာန်စာချုပ်ဖြင့်ချေးယူခဲ့သည့် ချေးငွေနှင့် အတိုးငွေ ၃၆၁၈၂၈၈၂ကျပ် ၄၁ပြား အပေါင်ဒီကရီရလိုမှုစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၁ရက် နံနက် ၉း၃၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ ၂၀၁၀ခုနှစ် ဒီဇင်ဘာ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဓော်ဝင်း (တွဲဖက်တိုင်းတရားသူကြီး-၁)၊ ရန်ကုန်တိုင်းဒေသကြီးတရားရုံး။

ကံမြင့်ကျောင်းတိုက်
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်
ပဋ္ဌနိကာယ်သာသနာ့ဗိမာန်ကျောင်းတိုက်မှ
အရှင်ပညာသီဟာဘိဝံသ(သ·စ·သ·အ)ဓမ္မာစရိယဆရာတော်

အောင်ခြင်းရှစ်ပါးသင်တန်းတရားပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းဓမ္မာရုံကြီး၌ ၇-၁-၂၀၁၁ရက်မှ ၁၄-၁-၂၀၁၁ ရက်အထိ ညစဉ် ၇နာရီတွင် ပဋ္ဌနိကာယ်သာသနာ့ဗိမာန်ကျောင်းတိုက်မှ အရှင်ပညာသီဟာဘိဝံသ (သ·စ·သ·အ) ဓမ္မာစရိယဆရာတော်သည် အောင်ခြင်းရှစ်ပါးသင်တန်းတရား ချီးမြှင့်မည်ဖြစ်ပါ၍ သင်တန်းတရားနာယူပွားများအားထုတ်နိုင်ရန် ဖိတ်ကြားအပ်ပါသည်။**ကံမြင့်ဝေယျာဝစ္စအဖွဲ့။**

ဖြူးမဟာစည်ရိပ်သာ(ရန်ကုန်)

ဘောဇနသာလာ ယောဂီဆွမ်းစားကျောင်းပါဝင်လှူဒါန်းနိုင်

ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး တည်ထောင်သာသနာပြု သီတင်းသုံးတော်မူခဲ့ရာ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဓမ္မရက္ခိတဖြူးမဟာစည် သာသနာ့ရိပ်သာ ကျောင်းတိုက်အတွင်း၌ ဆရာတော်စံလွန်တော်မမူခင် ထားရှိတော်မူခဲ့သော သာသနာပြု ဩဝါဒဆန္ဒတော်များ ဦးထိပ်ပန်ဆင်ကာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂဝရ ဓမ္မာစရိယ M.A,Ph.D (Thesis) University of Sanskrit နှင့် တပည့်ကြီး သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများစုပေါင်း၍ ဘောဇနသာလာ ဆွမ်းစားကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းလျက်ရှိရာ မတည်၍ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ပါဝင်လှူဒါန်းလိုသူများသည် ဖုန်း-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၅၄-၄၀၀၁၂၊ ၄၀၇၇၁ ကျောင်းအကျိုးဆောင်အဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမြန်ဆုံးဆက်သွယ်ရန်

၁၃/တကန (နိုင်)၂၅၂၆၅၃ ကိုင်ဆောင်သူ ချစ်သမီး နှင်းရွှေလှိုင် အဘွား၊ အဘ၊ အမေနှင့် မိသားစုတစ်စုလုံး စိတ်အလွန်ပူနေ၍ ချစ်သမီး ရောက်ရာအရပ်မှ မိသားစုကို အမြန်ဆုံးဆက်သွယ်ပေးပါ။

အသိပေးကြေညာခြင်း

တောင်ငူ-ဖြူး မော်တော်ယာဉ်အသင်းအမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ တောင်ငူမြို့ နံပါတ် ၆လမ်းရှိ တောင်ငူ-ဖြူး မော်တော်ယာဉ်အသင်းပိုင် အဆောက်အအုံအား ပုဂ္ဂလိကမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ဆောက်လုပ်ခွင့်ပြုမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အမှုဆောင်ကော်မတီ။

ဖိတ်ကြားအပ်ပါသည်

မော်လမြိုင် စိန့်ပက်ထရစ်ကျောင်းသားဟောင်းမှ အတန်းဖော် မိတ်ဆွေများနှင့် မိတ်ဆုံစားပွဲ ပြုလုပ်တွေ့ဆုံလိုပါသဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ၁၂-၁-၂၀၁၁ ရက် နောက်ဆုံးထား၍ ဆက်သွယ်ကြပါရန်။

ဒေါက်တာလေးမောင်(ကျော်ဆွီး-မြိတ်) ဖုန်း-၀၁-၂၂၁၈၇၃၊
ဦးမြင့်အောင် (ANDREW)ဖုန်း-၀၉-၅၁၂၂၉၆၆။

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မကွေးတိုင်းဒေသကြီးတစ်ခွင် ပိုမိုစိမ်းလန်းစိုပြည်စေမည့် ကြီးအုံကြီး၀ ရေလှောင်တမံဘက်စုံစီမံကိန်း

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း
ခင်မောင်သန်း(စက်မှု)

ကြီးအုံကြီး၀ရေလှောင်တမံ၏ မြေသားလုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် ရေအားလျှပ်စစ်စက်ရုံ အနီး ဤသို့ဆောင်ရွက်ခဲ့ကြသည်။

နေပြည်တော် ဇန်နဝါရီ ၈

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးပြီး စိုက်ပျိုးဧကများ တိုးတက်ရေး၊ စပါးနှင့် အခြားသီးနှံများ ပိုမိုထုတ်လုပ်နိုင်ရေး၊ မျိုးကောင်းမျိုးသန့်နှင့် သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် လိုအပ်နေသော ရေအားလျှပ်စစ်ထုတ်လုပ်ရေး ကဏ္ဍကိုလည်း ဆည်တမံ သိုလှောင်ရေများမှတစ်ဆင့် ပူးတွဲတည်ဆောက် ဖော်ဆောင်ပေးလျက်ရှိသည်။

တည်ဆောက်

အဆိုပါ လုပ်ငန်းနှစ်ရပ်လုံး တစ်ချိန်တည်းဆောင်ရွက်ပေးနိုင်မည့် ကြီးအုံကြီး၀ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း မဲဇလီရေလွှဲဆည်၏ အထက်ငါးမိုင်ခန့်အကွာ၊ မုန်းချောင်းရေလှောင်တမံစီမံကိန်း၏ အောက်ဘက် ၁၅မိုင်ခန့် အကွာ ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❖

အချိန်အခါမဲ့မိုး

၈-၁-၂၀၁၁

ကိုကိုးကျွန်းမြို့	၂.၁၁မ ၅၂ လက်မ
မြောင်းမြမြို့	၀ ဒသမ ၂၀ လက်မ
မအူပင်မြို့	၀ ဒသမ ၁၂ လက်မ
ကော့သောင်းမြို့	၀ ဒသမ ၁၂ လက်မ